# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ နတ်တော်လကွယ်၊ စနေနေ့။ Saturday, 1 January 2022 ၁၀၆၀၅


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

ချစ်ခင်လေးစားအပ်ပါတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး

၂၀၂၂ ခုနှစ် နှစ်သစ်အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သလိုက်ရပါတယ်။

၂၀၂၁ ခုနှစ်ဟာ ကျွန်တော်တို့ နိုင်ငံရဲ့ အရေးပါတဲ့နှစ်တစ်နှစ် ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်းမှာ ကျွန်တော်တို့အနေနဲ့ စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ လျှောက်လှမ်းနေတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ မလွဲမသွေ ခိုင်ခိုင်မြဲမြဲရှိစေရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ရပ်တည်ချက်များအပေါ်မှာ တတ်နိုင်သလောက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့ တာဝန်ဝတ္တရားများနဲ့အညီ နိုင်ငံတော်ရဲ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထုရဲ့အကျိုးကိုသာ အစဉ်ရှေးရှုဆောင်ရွက်ပေးနေတာပဲဖြစ်ပါတယ်။ နိုင်ငံတော်ကြီး

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

**တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့ တာဝန်ဝတ္တရားများနဲ့အညီ နိုင်ငံတော်ရဲ့အကျိုး၊ တိုင်းရင်းသား ပြည်သူလူထုရဲ့ အကျိုးကိုသာ အစဉ်ရှေးရှုဆောင်ရွက်ပေးနေတာပဲဖြစ်ပါတယ်။ နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောဖို့နဲ့ စားရေရိက္ခာဖူလုံစေဖို့တို့အတွက် ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းရင်းသားပြည်သူတို့နဲ့အတူ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားပါ့မယ်။**

## ယနေ့ ဖတ်စရာ

**နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံသင်တန်းများ (၆-၁-၂၀၂၂)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်**

စာမျက်နှာ » ၇

**သင်ခန်းစာယူအပ်ရာ လွတ်လပ်ရေးကြိုးပမ်းမှုမှသည် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရမည့် တန်ဖိုးများ**

စာမျက်နှာ » ၈

ဆရာကြီးသိပ္ပံမောင်ဝ၏ ဝတ္ထုတို

**ငယ်ကျွမ်း**

စာမျက်နှာ » ၁၈

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၉ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၇၆ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၂၂

# ကြေးမုံ

## လွတ်လပ်ရေးရည်မှန်းချက် ရလဒ်များ တန်းတူခံစား

လွတ်လပ်သောနိုင်ငံတွင် မွေးဖွားရှင်သန်လာသော ကျွန်ုပ်တို့အဖို့ “လွတ်လပ်ရေး” ဟူသော ဝေါဟာရစကားလုံးသုံးလုံးကို သိရှိကြသော်လည်း ထိုစကားလုံးသုံးလုံး၏ အနှစ်သာရ၊ အဓိပ္ပာယ်၊ တန်ဖိုးတို့ကို ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် ထဲထဲဝင်ဝင်သိရှိကြသူနည်းပေလိမ့်မည်။ လွတ်လပ်သော နိုင်ငံတွင် နေထိုင်ကြသော နိုင်ငံသားများအဖို့ လွတ်လပ်ရေး၏အဓိပ္ပာယ်ကို သိရှိကြရန်လိုအပ်ပေသည်။

လွတ်လပ်ရေးဟူသည် နိုင်ငံတော်သီချင်းတွင် ဖော်ပြပါရှိသည့်အတိုင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ခွင့်တူညီမျှခြင်း၊ ဝါဒဖြူစင်ခြင်းတို့နှင့် ပြည့်စုံခြင်း ဖြစ်သည်။ လွတ်လပ်ရေးမရမီ တိုင်းတစ်ပါးလက်အောက် နယ်ချဲ့စနစ်အုပ်ချုပ်ခံ ဘဝ၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ အခွင့်အရေးတန်းတူညီမျှရရှိခြင်းတို့နှင့် ဝေးကွာပြီး တိုင်းတစ်ပါးနယ်ချဲ့တို့၏အလိုကျ အုပ်ချုပ်သည့်ဥပဒေအောက်တွင် နေထိုင်ကြရ၍ လွတ်လပ်ရေး၏အနှစ်သာရ၊ အဓိပ္ပာယ်တို့ ပျောက်ကွယ်ခဲ့ရသည်။

လွတ်လပ်ရေးရသောအခါ များလူခပ်သိမ်း ငြိမ်းချမ်းသာယာဝပြောစေသည့် အခွင့်အရေးတန်းတူညီမျှရရှိသည့် မှန်မြတ်ကောင်းမွန်သောဝါဒ၊ တန်းတူညီမျှ အခွင့်အရေးရသောဥပဒေအောက်တွင် နေထိုင်ကြရသည်။ လွတ်လပ်သော နိုင်ငံသားတို့သည် ရရှိလာသောလွတ်လပ်ခွင့်များနှင့် ကျေနပ်နေ၍မရပေ။ လွတ်လပ်သောနိုင်ငံ၏ မျှော်မှန်းခဲ့သောပန်းတိုင်များသို့ အရောက်လှမ်းနိုင်ရေး ကြိုးစားအားထုတ်ကြရန် တာဝန်ရှိပေသည်။ ပန်းတိုင်သို့ရောက်ရှိနိုင်ရန် ကြိုးပမ်း အားထုတ်မှသာ လွတ်လပ်သောနိုင်ငံအဖြစ် ထိုက်တန်ပေမည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးရရှိသောနေ့တွင် တိုင်းပြု ပြည်ပြုလွှတ်တော်တွင် အတိအလင်းကြေညာခဲ့သောပန်းတိုင်များမှာ အစဉ်ထာဝရ ရှုမြင်သုံးသပ်ဆောင်ရွက်ရမည့် ကျွန်ုပ်တို့၏မူလရည်ရွယ်ချက်၊ ဝါဒ၊ ပန်းတိုင်များ ဖြစ်သည်။ ထိုဝါဒသည် တိုင်းပြည်အတွင်း ရှိရှိသမျှသော ပြည်သူပြည်သားအားလုံး တို့ကို ကျောသား၊ ရင်သားမခွဲခြားဘဲ ပြည့်ဝချမ်းသာစေလိုသောဝါဒဖြစ်သည်။ လူအတန်းအစား မခွဲခြားဘဲ အားလုံးပြည်သူအများ ကြွယ်ဝချမ်းသာမှသာလျှင် နိုင်ငံကောင်း၊ နိုင်ငံမြတ်ဟု ဆိုထိုက်သည်။

နိုင်ငံတစ်ဝန်း ငြိမ်းချမ်းသာယာဝပြောစေရန်နှင့် တိုင်းပြည်ပြန်လည်ထူထောင် တည်ဆောက်ကြရန် ကိစ္စအဝဝတို့ကို စနစ်တကျရေးဆွဲထားသော စီမံကိန်းများဖြင့် လျင်မြန်စွာထမြောက်အောင်မြင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်သည်။ မြန်မာပြည်သူပြည်သားတို့သည် နိုင်ငံတော်ကို မိမိတို့၏အင်အားဖြင့် အန္တရာယ် ရန်စွယ်များမှ ကာကွယ်နိုင်ရန် တိုင်းရင်းသားပြည်သူများပါဝင်သည့် ခေတ်မီ တပ်မတော်ကြီးတည်ဆောက်နိုင်ရန် ရည်မှန်းခဲ့သည်။ အခြားနိုင်ငံများနှင့် သင့်မြတ်စွာ ပေါင်းသင်းဆက်ဆံပြီး နိုင်ငံတော်၏နယ်နိမိတ်ကိုလည်း မည်သည့် နိုင်ငံကမျှ ကျူးကျော်စွက်ဖက်မခံဘဲ ရပ်တည်နေထိုင်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ငြိမ်းချမ်းသာယာဝပြောရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရာဇဝတ်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများ ပပျောက်အောင်ပြည်သူပြည်သားများ၏အကူအညီနှင့် လုံလောက်သောအာဏာကို သုံးစွဲမည်ဟု သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်ခဲ့သည်။ တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ အခွင့်အရေး၊ ဘဝတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက် ရေးတို့လည်းပါဝင်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံ ဖြစ်သည်နှင့်အညီ တစ်ဦးကိုတစ်ဦး ကြောက်ရွံ့ရခြင်း၊ တစ်ဦးကိုတစ်ဦး နှိပ်စက် ခြင်းမှစ၍ မကောင်းသောအလေ့ဆိုးများကို လုံးဝဖျောက်ဖျက်ရန် သန္နိဋ္ဌာန်ချခဲ့ သည်။ မျှော်မှန်းခဲ့သော လွတ်လပ်ရေးရည်ရွယ်ချက်ပန်းတိုင်သို့ အရောက်လှမ်း နိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ရာ မျှော်မှန်းသလို အပြည့်အဝမရရှိသေးသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံရေး၊ ဝါဒရေး၊ အယူအဆရေး ကွဲလွဲမှုများကြောင့် တစ်ဦးနှင့်တစ်ဦး ရန်ဘက်ခင်း၍ အမုန်းသံသရာ၊ ပဋိပက္ခသံသရာတို့ အဆုံးမသတ်နိုင်ဘဲရှိနေသေး သည်။ အကျိုးရလဒ်မှာ ပြည်ထောင်စုသားချင်းများ အေးချမ်းသာယာသောဘဝ၊ သူတစ်ပါးနှင့်တန်းတူနေထိုင်နိုင်သောဘဝတို့နှင့် အလှမ်းဝေးနေသေးသည်။ လွတ်လပ်ရေး၏မျှော်မှန်းထားသောပန်းတိုင်သို့ အရောက်မလှမ်းနိုင်ပါလျှင် လွတ်လပ်ရေးသည် မည်ကာမတ္တလွတ်လပ်ရေးဘဝဖြင့် သံသရာရှည်နေမည်။ လွတ်လပ်ရေးအသီးအပွင့်များကို အားလုံးတန်းတူညီမျှ အတူတကွမခံစားရဘဲ ရှိနေသေးမည်။ ပဋိပက္ခနယ်ပယ်အတွင်းမှ ပြည်သူများမှာ လွတ်လပ်ရေး၏ အကျိုးရလဒ်များနှင့် ကင်းဝေးနေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအပေါင်းတို့ သွေးစည်းညီညွတ်လျက် အခွင့် အရေးအဆင့်အတန်းတူညီရမည့် ပြည်ထောင်စုနိုင်ငံတော်ကြီးတွင် ငါတို့လွတ်လပ် ရေးနှင့် ငါတို့နိုင်ငံတော်ကြီးသစ္စာကို ကမ္ဘာဆုံးတိုင် မယိမ်းမယိုင်တည်လျက် ငါတို့နိုင်ငံလွတ်လပ်ရေးကို ငါတို့လေးစား၊ ငါတို့နိုင်ငံကို ငါတို့ချစ်မြတ်နိုးပြီး ငြိမ်းချမ်းသာယာဝပြောသောနိုင်ငံဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရ မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## နှစ်သစ်မင်္ဂလာ ဆုတောင်းမေတ္တာ

ယနေ့သည် ၂၀၂၂ ခုနှစ်သို့ စတင်ရောက်ရှိသည့် မင်္ဂလာအပေါင်းနှင့် ပြီးပြည့်စုံသောနေ့တစ်နေ့ဖြစ်ပါသည်။

၂၀၂၁ ခုနှစ် ကုန်ဆုံးခဲ့ပြီး နှစ်သစ်သို့ကူးပြောင်းရောက်ရှိလာသည့် မင်္ဂလာရှိသောအခါသမယတွင် နှစ်ဟောင်းမှ ခံယူချက်အယူအဆ၊ အတွေးအမြင်နှင့် စိတ်ကူးအကြံဉာဏ်အဟောင်းများကို စွန့်ပစ်၍ အသစ်အသစ်သော မှန်မြတ်လှပသည့် အယူအဆကောင်းများ၊ အတွေးအမြင်ကောင်းများ၊ စိတ်ကူးအကြံဉာဏ်ကောင်းများဖြင့် မင်္ဂလာအပေါင်းနှင့်ပြီးပြည့်စုံ သောနှစ်သစ်ဖြစ်ပါစေ။ နိုင်ငံတစ်ဝန်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားမိဘပြည်သူသွေးချင်းများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်ပြည့်စုံပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါအပါအဝင် ရောဂါဘယနှင့် ဘေးအန္တရာယ်အပေါင်းတို့မှ ကင်းဝေးကြပါစေကြောင်း ကြေးမုံက ဆုတောင်းမေတ္တာပို့သ ပါသည်။

ကြေးမုံသတင်းစာတိုက်မိသားစု

## တက္ကသိုလ်နေ့သင်တန်းများ (၆-၁-၂၀၂၂)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

### တက္ကသိုလ်နေ့သင်တန်းများဖွင့်လှစ်ခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင်(၂၀၁၉-၂၀၂၀) ပညာသင်နှစ်နှင့် (၂၀၂၁-၂၀၂၂) ပညာသင်နှစ်များအတွက် အောက်ပါဘွဲ့သင်တန်း အသီးသီးကို (၆-၁-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

(က) ဥပဒေပညာ စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)
(ခ) ပညာရေး စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)
(ဂ) ဂုဏ်ထူးတန်း တတိယနှစ် (ပထမနှစ်ဝက်)
(ဃ) မဟာအရည်အချင်းစစ်သင်တန်း (ပထမနှစ်ဝက်)
(င) မဟာဘွဲ့သင်တန်း ပထမနှစ် (ပထမနှစ်ဝက်)
(စ) မဟာဘွဲ့သင်တန်း ဒုတိယနှစ် (ပထမနှစ်ဝက်)

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - | ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ နှစ်သစ်ကူးဆုတောင်း



**မေတ္တာသုတ်လာ မေတ္တာပွားနည်း ဆုတောင်းနည်း ၁၁ နည်းဖြင့် ဆုတောင်းမေတ္တာပို့ပါသည်**

၁။ လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဧကကပွားနည်း

၂။ ကြောက်တတ် မကြောက်တတ် ၂ ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဒုကမေတ္တာပွားနည်း

၃။ ရှည်တိုအလတ် ၃ ရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ တိကမေတ္တာပွားနည်း(က)

၄။ ကြီးငယ်အလတ် ၃ ရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ တိကမေတ္တာ ပွားနည်း(ခ)

၅။ ဆူကြုံအလတ် ၃ ရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ တိကမေတ္တာပွားနည်း(ဂ)

၆။ မြင်အပ် မမြင်အပ် ၂ ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဒုကမေတ္တာပွားနည်း

၇။ ဝေးနေ နီးနေ ၂ ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဒုကမေတ္တာပွားနည်း

၈။ ဘဝဇာတ်ဆုံး မဆုံးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဒုကမေတ္တာပွားနည်း

၉။ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ၊ ဧကကမေတ္တာပွားနည်း

၁၀။ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ၊ ဧကကမေတ္တာပွားနည်း

၁၁။ ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ၊ ဧကကမေတ္တာပွားနည်း

| | | |
|---|---|---|
| ဧကကမေတ္တာပွားနည်း | ၄ | နည်း |
| ဒုကမေတ္တာပွားနည်း | ၄ | နည်း |
| တိကမေတ္တာပွားနည်း | ၃ | နည်း |
| | ၁၁ | နည်း |

**ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ**
**(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ)**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊**
**ဗန်းမော်ကျောင်းတိုက်ဆရာတော် ၊မန္တလေးမြို့**

## ဗုဒ္ဓဘာသာဝင်တို့၏ စိတ်နေသဘောထား



ဗုဒ္ဓဘာသာတရားတော်သည် လူသားအားလုံးတို့အပေါ်၌ ကွဲပြားခြားနားခြင်းမရှိဘဲ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့ကို အညီအမျှထားရှိပြီး ငြိမ်းချမ်းညီညွတ်စွာ အတူတကွ ယှဉ်တွဲနေထိုင်သွားကြရန် လမ်းညွှန်ပါသည်။

ဗုဒ္ဓရှင်တော် ကိုယ်တိုင်သည်ပင် သတ္တဝါအားလုံးတို့အပေါ်၌ တစ်သမတ်တည်းထားရှိသော သဘောထားကို စံနမူနာပြအဖြစ် ကျင့်သုံးတော်မူခဲ့ပါသည်။ မြတ်ဗုဒ္ဓ၏ သတ္တဝါအားလုံးတို့အပေါ်၌ ထားရှိသည့် အညီအမျှဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့ကို ပေါ်လွင်စေရန် အောက်၌ ဖော်ပြထားသောဖြစ်စဉ်အချို့ကို သာဓကအဖြစ် ဖော်ပြပါအံ့-

- မြတ်ဗုဒ္ဓသည် သူ့ကို ထီးမိုးပေးနေသော ဖြဟ္မာကြီးနှင့် သူ့ကို တိုက်ခိုက်လာသော မာရ်နတ်အပေါ်၌ ထားရှိသော မေတ္တာတော်မှာ ကွဲပြားခြင်းမရှိ တစ်သားတည်းအဖြစ် ထားရှိတော်မူ၏။
- မြတ်ဗုဒ္ဓသည် မွေးသဖခင်ကျေးဇူးရှင် သုဒ္ဓေါဒနမင်းကြီးအပေါ်မှာထားရှိသော မေတ္တာတော်နှင့် နှောင့်ယှက်ဖို့ရန် အမြဲအားထုတ်နေသော ယောက္ခမသုပ္ပဗုဒ္ဓမင်းကြီးအပေါ်မှာ ထားရှိသောမေတ္တာတို့မှာလည်း အတူတူပင် ဖြစ်၏။
- မြတ်ဗုဒ္ဓသည် သူ့ကိုသတ်အံ့သောငှာ အခွင့်ချောင်းနေသော ဒေဝဒတ်အပေါ်မှာထားသော မေတ္တာတော်မှာ သားချစ်ရာဟုလာ အပေါ်ထားရှိသော မေတ္တာတော်နှင့်တစ်သားတည်းဖြစ်၏။
- မြတ်ဗုဒ္ဓသည်ကြင်ရာတော်ယသောဓရာနှင့် ဆန့်ကျင်ဘက်တိတ္ထိဂိုဏ်းတို့၏စေခိုင်းမှုကြောင့် မြတ်ဗုဒ္ဓကို သူမ၏ လင်ယောကျ်ားဟုစွပ်စွဲလာသော စိဉ္စမာနအပေါ်မှာလည်း အညီအမျှ မေတ္တာထားရှိတော်မူ၏။
- မြတ်ဗုဒ္ဓသည် ဝိဋ္ဋူဘ၏ သတ်ဖြတ်မှုကြောင့် သေဆုံးကြရသော သာကီဝင်ဆွေတော်မျိုးတော်များနှင့် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သော ဝိဋ္ဋူဘအပေါ်မှာလည်း ကရုဏာတော်ကို အညီအမျှပင်ထားရှိတော်မူ၏။
- မြတ်ဗုဒ္ဓသည် ရိုသေစွာလုပ်ကျွေးပြုစုသော အရှင်အာနန္ဒာနှင့် ဆိုးသွမ်းညစ်ညမ်းသော အလုပ်အကျွေးပြုသော သုနက္ခတ္တရဟန်းတို့ပေါ်မှာလည်း မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ကို အညီအမျှထားရှိတော်မူ၏။
- မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်၌ သီတင်းသုံးစဉ် သတ်အံ့သောငှာ ချီတက်လာသော နာဠာဂီရိဆင် အပေါ်မှာကြီးမားသော မေတ္တာကရုဏာထားတော်မူ၏။ ထိုနည်းတူစွာ ပါလိလေယျကတောမှာ နေတော်မူစဉ် တရိတသေ လုပ်ကျွေးပြုစုသော ပါလိလေယျကဆင်အပေါ်မှာလည်း အားကြီးသောမေတ္တာကရုဏာတော်ကို အညီအမျှထားရှိတော်မူပါသည်။ တရားချစ်ခင်သူတော်စင်အပေါင်းတို့ -

ဗုဒ္ဓဘာသာဝင် ဗုဒ္ဓ၏သားတော်၊ သမီးတော်များဖြစ်ကြသော မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့သည် အထက်ဖော်ပြရာပါ မြတ်ဗုဒ္ဓ၏ အဆုံးအမ မီးရှူးတန်ဆောင် အလင်းရောင်၏ အောက်မှာ လူသားအားလုံးတို့အပေါ် လူမျိုး၊ ဘာသာမခွဲခြားဘဲ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့ကို အညီအမျှထား၍ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြပါစေဟု နှစ်သစ်နှစ်ဦးမှာ ဆုတောင်းလိုက်ရပါသည်။

**"သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ"**
သီတဂူဆရာတော်
၂၀၂၂ခုနှစ် ဇန်နဝါရီလ(၁)ရက်

## ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ၏ နှစ်သစ်ကူးဆုတောင်း




နိုင်ငံတကာနှစ်
၂၀၂၂ – ခု၊ နှစ်ဦး မင်္ဂလာ
ဆုတောင်းမေတ္တာ ပို့သလှာ
သဗ္ဗရောဂ ဝိနိမုတ္တာ၊
သဗ္ဗသန္တာပ ဝဇ္ဇိတာ။
သဗ္ဗဝေရ မတိက္ကန္တာ၊
သုခိတာ ဟောန္တု ပါဏိနော။

ပါဏိနော – သက်ရှိထင်ရှား၊ သတ္တဝါအများတို့သည်။ သဗ္ဗရောဂ ဝိနိမုတ္တာ – ကိုးဆယ့်ခြောက်ဖြာ၊ ရောဂါဟူသမျှ၊ လွတ်ကင်းကြပါစေ။ သဗ္ဗသန္တာပ ဝဇ္ဇိတာ – ရင်၌စူးဝင်၊ ပူပင်သောက၊ ကင်းဝေးကြပါစေ။ သဗ္ဗဝေရ မတိက္ကန္တာ – ဘေးအဆူဆူ၊ ရန်ဟူသမျှ၊ လွတ်ကင်းနိုင်ကြပါစေ။ သုခိတာဟောန္တု – ကိုယ်စိတ်လန်းဖြာ၊ ဝမ်းပန်းသာ၍၊ ချမ်းသာသုခ၊ ရရှိကြပါစေ။

**ပါမောက္ခချုပ်ဆရာတော်**
**ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ နှစ်သစ်ကူးဆုတောင်း

"နှစ်သစ်ချိန်ခါ အောင်ကြောင်းဖြာ"

ယနေ့သည် ခရစ်နှစ် ၂၀၂၁–ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၂၀၂၂–ခုနှစ်ဟု ဆိုအပ်သောနှစ်သစ်သို့ ရောက်ရှိသည့် ကမ္ဘာ့နှစ်သစ်မင်္ဂလာ နေ့ထူးနေ့မြတ်အချိန်အခါဖြစ်ပါသည်။ လူသားတိုင်းသည် မိမိတို့ ပြောဆိုပြုလုပ်နေကြသည့် ကိစ္စဟူသမျှမှာ အောင်မြင်မှုကို ရရှိလိုကြခြင်းသည် လူသားတိုင်း၏ ဓမ္မတာသဘောဖြစ်သည့်အတွက် အောင်မြင်မှုကို ရရှိနိုင်သည့် အောင်မြင်ကြောင်း တရားလေးပါးကို နှစ်သစ်မင်္ဂလာ ဓမ္မလက်ဆောင်အဖြစ် ဖြန့်ဝေပေးလိုပါသည်။



၁။ အက္ကောဓေန ဇိနေ ကောဓံ – အမျက်ဒေါသဖြင့် ပြောဆိုပြုလုပ်သူကို မေတ္တာနှလုံး မိမိက သုံးခြင်းဖြင့်လည်းကောင်း၊

၂။ အသာဓုံ သာဓုနာ ဇိနေ – မကောင်းသဖြင့် ပြောဆိုပြုလုပ်သူကို မိမိက ကောင်းစွာပြောဆိုပြုလုပ်ခြင်းဖြင့် လည်းကောင်း၊

၃။ ဇိနေ ကဒရိယံ ဒါနေန – မပေးရက် မလှူလိုဝန်တိုနေသောသူကို မိမိက လှူဒါန်းပေးကမ်းချီးမြှောက်ခြင်းဖြင့်လည်းကောင်း၊

၄။ သစ္စေနာလိကဝါဒိနံ – မဟုတ်မမှန် အကြံအဖန်လုပ်ကြံပြောဆိုသောသူကို မိမိက အဟုတ်အမှန်အတိုင်း ပြောဆိုခြင်းဖြင့်လည်းကောင်း–

အောင်မြင်မှုကို ရနိုင်ကြမှာဖြစ်ကြောင်း ဓမ္မပဒပါဠိတော်, ကောဓဝဂ်မှာ ဘုရားရှင်ဟောတော်မူပါသည်။

သို့အတွက် ယခုတွေ့ကြုံရသည့် ကမ္ဘာ့နှစ်သစ် မင်္ဂလာအချိန်အခါမှစ၍ မိမိတို့ ပြောဆိုပြုလုပ်နေကြသည့် ကိစ္စဟူသမျှ အောင်မြင်မှုရရှိနိုင်ကြစေရန် မေတ္တာတရားဖြင့် ပွားများနေထိုင်ခြင်း၊ ဓမ္မဟု ဆိုအပ်သော ကောင်းသောတရားတို့ဖြင့် ပြောဆိုပြုမူခြင်း၊ ဒါနဟုဆိုအပ်သော ပေးကမ်းလှူဒါန်း ချီးမြှောက်ခြင်း၊ သစ္စဝါစာ ဟုဆိုအပ်သော အမှန်အတိုင်းပြောဆို ပြုမူခြင်းတို့ကို မိမိတို့သန္တာန်၌ ပြည့်စုံအောင် ဆောင်ရွက်တော်မူနိုင်ကြပြီး အောင်မြင်မှုသရဖူ ရယူနိုင်ကြပါစေကြောင်း နှစ်သစ်မင်္ဂလာ ဓမ္မလက်ဆောင် ပြုလိုက်ပါသတည်း။ ။

**ဘဒ္ဒန္တစန္ဒိမာဘိဝံသ**
**(အဂ္ဂမဟာပဏ္ဍိတ၊**
**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**
**အကျိုးတော်ဆောင်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**မင်းကျောင်း၊ ပထမပြန်စာသင်တိုက်**
**သန်လျင်မြို့။**

**ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် ဒီမိုကရေစီနှင့်ပတ်သက်၍ လည်းကောင်း၊ ဖက်ဒရယ်နှင့်ပတ်သက်၍ လည်းကောင်း မည်သို့ပင် အယူအဆ အမျိုးမျိုးကွဲပြားနေပါစေ မိမိတို့နိုင်ငံနှင့် သဟဇာတဖြစ်သည့် စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီနှင့်ပတ်သက်ပြီး အများဆန္ဒအတိုင်း ဆောင်ရွက်ရသလို လူနည်းစုဆန္ဒကိုလည်း အလေးထားရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လူမျိုးတစ်မျိုးတည်းသာ နေထိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်ဟူ၍ လုံးဝမရှိကြောင်း၊ လူမျိုးပေါင်းစုံ ရောယှက်နေထိုင်ကြကြောင်း။**

**မိမိတို့ ယနေ့ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ခြင်းသည် မိမိတို့၏ သားစဉ်မြေးဆက် လူငယ်များအတွက် တည်ငြိမ်သည့်အနာဂတ်နှင့် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အဆင့်မီနိုင်ငံတစ်ခု ဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီအခွင့်အရေးကို တိုင်းရင်းသားအားလုံး ခံစားစေလိုကြောင်း။**



မန္တလေးကျုံး ညရှုခင်း ဓာတ်ပုံ – အောင်ရဲနိုင်(အမရပူရ)

[ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၃-၃-၂၀၂၁ ရက်နေ့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၁)တွင် ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်]

☆ ရှေ့ဖုံးမှ

**၂၀၂၂ ခုနှစ်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်စည်ပင်သာယာဝပြောရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးတို့အတွက် အစိုးရအနေနဲ့ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်သလို ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံပါတယ်။**

ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောဖို့နဲ့ စားရေရိက္ခာဖူလုံစေဖို့တို့အတွက် ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းရင်းသားပြည်သူတို့နဲ့အတူ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားပါ့မယ်။ "ညီညာမှ ပြည်သာမည်" ဖြစ်လို့ ကျွန်တော်တို့ရဲ့စုစည်းအားနဲ့ တိုင်းပြည်သာယာဝပြောရေး ဝိုင်းဝန်းတည်ဆောက်ကြပါစို့လို့ မေတ္တာရပ်ခံတိုက်တွန်းလိုပါတယ်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလက စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဟာ ကျွန်တော်တို့နိုင်ငံမှာ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့က စတင်တွေ့ရှိခဲ့ပြီး ယခု ၂ နှစ်တာကာလအတွင်း ဗီဇပြောင်းရောဂါအဖြစ် ပြောင်းလဲဖြစ်ပွားနေလျက်ရှိပါတယ်။ ကိုဗစ်-၁၉ က စခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးဟာ အိုမီခရွန် ဗီဇပြောင်းရောဂါပိုးအဖြစ် ပြောင်းလဲခဲ့ပြီး ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်းစတင်တွေ့ရှိခဲ့လို့ သတိပြုရမယ့် ရောဂါတစ်ခုဖြစ်ကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ လုပ်ဆောင်ရမှာက ကြိုတင်ပြင်ဆင်ထားဖို့နဲ့ သတိရှိဖို့သာ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံမှုနဲ့ပတ်သက်ပြီး ၂၀၂၁ ခုနှစ်အတွင်းမှာ အကျုံးဝင်သူ ၅၀ ရာခိုင်နှုန်းကျော်ကို ကာကွယ်ဆေးထိုးနှံပြီးစီးဖို့ ကျွန်တော်ရည်မှန်းဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်အထိ အသက် ၁၈ နှစ်နှင့်အထက် ၅၁ ရာခိုင်နှုန်းကျော်နဲ့ ကျောင်းများ စဖွင့်နေပြီဖြစ်တဲ့အတွက်ကြောင့် အသက် ၁၂ နှစ်နဲ့အထက် ကျောင်းသား၊ ကျောင်းသူ ၈၇ ရာခိုင်နှုန်းကျော် ကာကွယ်ဆေးထိုးနှံပြီးဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံ အတိုင်းအတာနဲ့လည်း ကာကွယ်ဆေးကို ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း မိဘပြည်သူများကို အသိပေးလိုပါတယ်။ အောင်လည်း အောင်မြင်မှာပါ။ ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်ရင် ကျွန်တော်တို့ ၂၀၂၂ ခုနှစ်အတွင်း မျှော်မှန်းအုပ်စုကို ရာနှုန်းပြည့်ထိုးပေးနိုင်မှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံထားမယ်ဆိုပါက ရောဂါကူးစက်မှုကို အထိုက်အလျောက် ကာကွယ်နိုင်ပြီး ရောဂါကူးစက်ခံရပါကလည်း အတိုင်းအတာတစ်ခုအထိ သက်သာမှုရရှိစေနိုင်မှာဖြစ်ပါတယ်။ ကျန်းမာမှသာ မိမိတို့ရဲ့အနာဂတ်ကို ကိုယ်တိုင်ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ်ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် ယခုနှစ်ဟာ စိန်ရတုအကြိုကာလ ဖြစ်ပါတယ်။ ဒါကြောင့် ၇၅ နှစ်တာ ကြာခဲ့ပြီဖြစ်တဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်။

ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ရဲ့ စတုတ္ထအချက်ထဲမှာလည်း ဖော်ပြထားပြီးဖြစ်လို့ သက်ဆိုင်သူ အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။

၂၀၂၂ ခုနှစ်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်စည်ပင်သာယာဝပြောရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးတို့အတွက် အစိုးရအနေနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်သလို ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံပါတယ်။

"ညီညာမှပြည်သာမည်" စကားကို လက်ကိုင်ထားပြီး ကျွန်တော်တို့အားလုံး ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း တိုင်းရင်းသား မိဘပြည်သူအားလုံး နှစ်သစ်ကစလို့ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝပါစေကြောင်း ထပ်မံဆုတောင်းအပ်ပါတယ်ခင်ဗျာ။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးသိန်းညွန့်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



မိဘပြည်သူများခင်ဗျာ-

နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး၊ ဂျပန်ဖက်ဆစ်တော်လှန်ရေးများကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့တာ ၂၀၂၂ ခုနှစ်မှာ (၇၄)နှစ်ပြည့်ပါပြီ။ (၇၅)နှစ်စိန်ရတုလွတ်လပ်ရေးနေ့သို့ ဘယ်လိုဆက်လက်ချီတက်ကြမလဲ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ခေါင်းဆောင်မှုခံယူပြီး လတ်တလောဖြစ်ပေါ်လာတဲ့ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်တဲ့ CRPH၊ NUG၊ PDF တို့ကို အပြတ်ရှင်းလင်းရမယ်။

ယနေ့မြန်မာနိုင်ငံရဲ့အခြေအနေဟာ နိုင်ငံခြားဩဇာခံတွေနဲ့ တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတွေရဲ့ကြားမှာ အမျိုးသားရေးအတွက် စာရင်းရှင်းလင်းမှုကို ဖြတ်သန်းရပါမယ်၊ ဒီလိုနိုင်ငံရေးအချိုးအကွေ့မှာ ကျွန်တော်တို့ မြန်မာနိုင်ငံကို ချစ်မြတ်နိုးသူတွေဟာ မြန်မာ့အချုပ်အခြာအာဏာကို ထိပါးလာတဲ့ ဘယ်ပြည်တွင်း၊ ပြည်ပရန်သူကိုမဆို ရင်ဆိုင်ရမယ်။ ရန်သူတွေကဖန်တီးတဲ့ အကျပ်အတည်းများကို ရိုက်ချိုးပစ်ရမယ်။

သမိုင်းကပေးခဲ့တဲ့ သင်ခန်းစာများကိုရယူပြီး နောက်တစ်ကြိမ် ကိုလိုနီနိုင်ငံ သူ့ကျွန်ဘဝသို့ ပြန်မရောက်ရေးအတွက် နိုင်ငံခြားကျူးကျော်သူများနဲ့ အမျိုးသားသစ္စာဖောက်များကို ဗုန်းဗုန်းလဲကျရှုံးတဲ့အထိ နှစ်သစ်မှာ အောင်ပွဲဆင်နိုင်ကြပါစေလို့ ကျွန်တော် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

# ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၏ ၂၀၂၂ ခုနှစ်အတွက် နှစ်သစ်ဆုတောင်း


ဦးစိန်သန်း


ကာဒီနယ်လ်ချားလ်စ်ဘို


ဦးဘစိန်(ခ) နာဒရာချန်ပိလေး


ဦးမြင့်သန်း


ဦးအောင်ဇော်ဝင်း

**ဦးစိန်သန်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို) (ဗုဒ္ဓဘာသာ)**

အားလုံး မင်္ဂလာပါခင်ဗျာ။ ယနေ့ဟာ ၂၀၂၁ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၂ ခုနှစ်ကို ရောက်ရှိလာတဲ့ နှစ်သစ်မင်္ဂလာ အခါသမယဖြစ်ပါတယ်။ နှစ်သစ်အခါသမယမှာ မြန်မာနိုင်ငံအနေနဲ့ တည်ထောင်ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ကနေပြီးတော့ မြန်မာနိုင်ငံအတွင်း မှီတင်းနေကြပါသော တိုင်းရင်းသားပြည်သူအပေါင်း၊ ဘာသာပေါင်းစုံ ကိုးကွယ်ကြသော လူပုဂ္ဂိုလ်အပေါင်းတို့ဟာ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနဲ့ စုပေါင်းနေထိုင်ကြပြီး မိမိတို့ရဲ့ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာများကို ဆတက်ထမ်းပိုး တိုးပြီးတော့ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ယခုလို နှစ်သစ်အခါသမယမှာ ဘာသာပေါင်းစုံအသင်းကြီးအနေနဲ့ မြန်မာနိုင်ငံအတွင်း ကျရောက်ခဲ့သော ရောဂါဘယဘေးများ ကင်းဝေးပါစေကြောင်းနှင့် ရှေ့ဆက်လက်ပြီး အေးချမ်းသာယာဝပြောတဲ့ တိုင်းပြည်ကြီးဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

> **မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**
>
> **ဆုတောင်းမေတ္တာ**
>
> မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအပါအဝင်
> ကမ္ဘာသူ၊ ကမ္ဘာသား သတ္တဝါများအားလုံး
> ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍
> ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။
> ငြိမ်းအေးချမ်းသာ ပျော်ရွှင်စွာဖြင့် အတူယှဉ်တွဲ၍
> နေထိုင်နိုင်ကြပါစေကြောင်း
> ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးဘစိန်(ခ) နာဒရာချန်ပိလေး (ဂုဏ်ထူးဆောင်နာယက၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူပရောဟိတ်-ပူဂျာရီများ ဗဟိုအဖွဲ့ချုပ်) (ဟိန္ဒူဘာသာ)**

ဒီနေ့ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ နှစ်သစ်မင်္ဂလာ အခါသမယမှာ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ မြန်မာနိုင်ငံမှာ ရောဂါဘယတွေ ကင်းဝေးပြီး နိုင်ငံတော်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**ကာဒီနယ်လ်ချားလ်စ်ဘို (ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်)**

ချစ်လှစွာသော မြန်မာပြည်သူ ပြည်သားအပေါင်းတို့၊ ညီအစ်ကိုမောင်နှမတို့၊ သားသမီးတို့ မျှော်လင့်ခြင်း၊ ပြန်လည်ကုသခြင်းတို့နဲ့ ပြည့်ဝတဲ့ နှစ်သစ်ကူးကာလဖြစ်ပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီနိုင်ငံမှာ ကရုဏာစိတ်ထားကို အားလုံးလက်ဆုပ်လက်ကိုင်ထားဖို့ လိုပါတယ်။ ကရုဏာတရားဟာ လမ်းစဉ်ဖြစ်ပါတယ်။ သမ္မာတရားဖြစ်ပါတယ်။ ငြိမ်းချမ်းခြင်းနဲ့ ပြန်လည်သင့်မြတ်ခြင်းမရှိဘဲ ကျွန်ုပ်တို့ရဲ့ နိုင်ငံတော်ဟာလည်း တည်ထောင်နိုင်မှာ မဟုတ်ပါဘူး။ ငြိမ်းချမ်းစွာနဲ့ အတူယှဉ်တွဲနေထိုင်မယ့် ပတ်ဝန်းကျင်ကို ကျွန်ုပ်တို့ ဖန်တီးနိုင်ပါတယ်။ မကြာမီမှာ ငြိမ်းချမ်းရေး တေးသီချင်းတွေကို ဆိုရပါလိမ့်မယ်လို့ ကျွန်ုပ်တို့ အခိုင်အမာယုံကြည်ပါတယ်။ ဒီမြေပေါ်မှာ ငြိမ်းချမ်းရေးအလင်းတန်းလည်းပဲ ဝေဖြာပြီးထွက်လာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ဦးမြင့်သန်း(နာယက၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့)(ဗဟို)၊ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) ဌာနချုပ်၊ ဂုဏ်ထူးဆောင် ကိုယ်စားလှယ်(ခရစ်ယာန်ဘာသာ)**

ဒီနေ့က ၂၀၂၁ ခုနှစ်ကုန်ဆုံးလို့ ၂၀၂၂ ခုနှစ်ရဲ့ နှစ်သစ်ပထမဆုံးနေ့ရက်ဖြစ်ပါတယ်။ နှစ်သစ်အခါသမယမှာ တိုင်းရင်းသားလူမျိုးများအပါအဝင် မြန်မာပြည်သူပြည်သားအပေါင်း ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ မြန်မာပြည်ကြီး ဖွံ့ဖြိုးတိုးတက်အောင် အဓိကထားပြီး ဘာသာပေါင်းစုံအသီးသီးကလူတွေ ကိုယ်စီကိုယ်စီ ဘာသာတရား အဆုံးအမအောက်မှာ နေကြပြီး ညီညီညွတ်ညွတ်နဲ့ သွားကြဖို့ တိုက်တွန်းချင်ပါတယ်။ မြန်မာနိုင်ငံအတွင်း ရောဂါဘယတွေ ကင်းဝေးပြီး အပူအပင်ကင်းတဲ့ဘဝနဲ့ နေထိုင်သွားနိုင်ကြဖို့ ၂၀၂၂ ခုနှစ်က မင်္ဂလာနှစ်သစ်ဖြစ်ဖို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**ဦးအောင်ဇော်ဝင်း (ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ )(ဗဟို) (အစ္စလာမ်ဘာသာ)**

၂၀၂၁ ခုနှစ်ကုန်ဆုံးပြီးတော့ ၂၀၂၂ ခုနှစ် နှစ်ဦးအခါသမယမှာ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာချမ်းသာကြပြီး မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာသာသနာကို ဆတက်ထမ်းပိုးတိုးပြီး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ယနေ့အခါမှာ အရေးတကြီးဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြီးကနေ မြန်မာပြည်သူ ပြည်သားအပေါင်း ကင်းဝေးပါစေကြောင်း မေတ္တာ ပို့သအပ်ပါတယ်။ မြန်မာပြည်သူ ပြည်သားအားလုံး ကျန်းမာချမ်းသာပြီး နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေ။ နိုင်ငံတော်ကြီးသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီး အဖြစ်သို့ ရောက်ရှိအောင် အားလုံးဝိုင်းဝန်းပူးပေါင်းပြီး တည်ဆောက်ကြပါစို့လို့ ပြောကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်း - ကိုသိုက်**
**ဓာတ်ပုံ- ကိုဇော်**

## သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားအား နေပြည်တော် မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၂ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄-၁-၂၀၂၂ ရက်နေ့တို့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂:၀၀)အချိန်မှ (၀၈:၀၀) အချိန်အထိ ခေတ္တလမ်းပိတ်/ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ဧရာဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၆ တန်အား တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

■

# စာပေပညာရှင်၊ အနုပညာရှင်တို့၏ နှစ်သစ်ကူးဆုမွန်တောင်း စကားသံများ


ဒေါက်တာဦးသန်းဦး


ဦးကြည်စိုးထွန်း


ပန်းချီဦးစိုးမိုး


ဒေါ်နွဲ့နွဲ့စမ်း


ဦးအုန်းမောင် (ခ) မြင်းမူမောင်နိုင်မိုး

နိုင်ငံတကာနှစ်သစ်ကူးအချိန်အခါမှစ၍ အေးချမ်းသာယာ ပြည်မြန်မာကြီး ဖြစ်ထွန်းလာစေရေးအတွက် စာပေပညာရှင်၊ အနုပညာရှင် အသီးသီးတို့၏ နှစ်သစ်ကူးဆုမွန်တောင်း စကားသံတို့ကို ဖော်ပြလိုက်ရပါသည်။

**ဒေါက်တာဦးသန်းဦး(စာပေပညာရှင်)**

နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်ကို ကူးပြောင်းတဲ့အခါမှာ မင်္ဂလာ ကျက်သရေအပေါင်းခညောင်းပြည့်စုံပါစေ။ အားလုံးသော ပုဂ္ဂိုလ် သတ္တဝါအပေါင်း သက်ရှည်ကျန်းမာ စိတ်ချမ်းသာ လိုရာဆန္ဒပြည့်စုံကြပါစေ။ အားလုံးကျန်းမာချမ်းသာ ရွှင်လန်းချမ်းမြေ့ကြပါစေ။

**ဦးကြည်စိုးထွန်း(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)**

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ဘေးဘယာဝေးကွာ၍ အန္တရာယ် အပေါင်းမှ ကင်းဝေးပါစေကြောင်း၊ ၂၀၂၂ ခုနှစ်ရဲ့ နှစ်သစ်မင်္ဂလာအချိန် သမယ၌ မိသားစုတိုင်း ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ရုပ်ရှင်လောကသား များကိုယ်စား ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ပန်းချီဦးစိုးမိုး (ရုပ်ရှင်ဒါရိုက်တာ)**

ကျွန်တော်တို့နိုင်ငံမှာ ကိုဗစ်ရောဂါ ပထမလှိုင်းကစပြီး ယခုထိ အခြားသောတိုင်းပြည်များနဲ့စာရင် တော်တော်ခံသာပါတယ်။ ဆက်လက်ပြီးလည်း မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးအနေနဲ့ ကိုဗစ်-၁၉ ရောဂါကင်းစင်ပြီး ကမ္ဘာသူကမ္ဘာသားတွေလည်း ကိုဗစ်ရောဂါ ကင်းဝေးကြပါစေ။ စီးပွားရေးလုပ်ငန်းများလည်း အောင်မြင်ကြပါစေ။ နိုင်ငံတကာဆက်ဆံရေးမှာလည်း ကမ္ဘာသူ၊ ကမ္ဘာသား အပေါင်း တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲပြီးတဲ့အခါ စစ်မဲ့ကမ္ဘာကြီးဖြစ်လာရင် ကမ္ဘာကြီး ပိုပြီးငြိမ်းချမ်းသွားမယ်လို့ ပြောချင်ပါတယ်။

**ဒေါ်နွဲ့နွဲ့စမ်း (ရုပ်ရှင်သရုပ်ဆောင်)**

ကျွန်မအနေနဲ့ ကမ္ဘာကြီးလည်း အေးချမ်းပါစေ၊ မြန်မာပြည်ကြီးလည်း အေးချမ်းပါစေ၊ မြန်မာပြည်သူပြည်သားများ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းပြည့်စုံပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။ အားလုံးလည်း အေးချမ်းသာယာစေချင်ပါတယ်။

**ဦးအုန်းမောင်(ခ)မြင်းမူမောင်နိုင်မိုး**
**(မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ)**

နှစ်သစ်ကူးကာလနဲ့အတူ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူပြည်သားအပေါင်း စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ မိမိတို့ရဲ့ လုပ်ငန်းခွင်တို့မှာ ချမ်းမြေ့ပျော်ရွှင်စွာ လုပ်ကိုင်နိုင်ကြပါစေလို့ဆန္ဒပြုပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့လည်းကင်းဝေးပြီး ပြည်သူလူထုအင်အားနဲ့ နိုင်ငံတော်ရဲ့ဦးဆောင်မှုနဲ့အတူ ညီညီညွတ်ညွတ်နဲ့ ကပ်ရောဂါကို ကျော်လွှားနိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ ဒါ့အပြင် သတင်းမီဒီယာသမားများအနေနဲ့ သတင်းအမှန်၊ တိကျမှန်ကန်တဲ့ သတင်းမျိုးကို ပြည်သူလူထုသိရှိနိုင်အောင် အချိန်နဲ့တစ်ပြေးညီ ဖော်ထုတ်တင်ပြပြီးတော့ သတင်းအတု/ သတင်းမှားများဖြစ်တဲ့ အဆိပ်သင့်တဲ့ သတင်းတွေ ပပျောက်ဖို့အတွက် ကျွန်တော်တို့သတင်းမီဒီယာသမားများကလည်းပဲ ပြည်သူလူထုနဲ့အတူ နိုင်ငံတော်အတွက် တစ်တပ်တစ်အား ပါဝင်ပြီး တာဝန်ယူထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဆန္ဒပြုအပ်ပါတယ်။ အားလုံးကျန်းမာချမ်းသာတော်မူကြပါစေ။

**ဦးလွင်မြင့်(မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ)**

နှစ်သစ်ဆိုတာ လူသားအားလုံးအတွက် မင်္ဂလာရှိတဲ့နေ့လည်း ဖြစ်ပါတယ်။ လူသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ။ ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာပါစေ။ အာဃာတတွေပပျောက်ပြီး ငြိမ်းချမ်းမှုနဲ့ချစ်ကြည်မှုအားလုံး တည်ဆောက်နိုင်ပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။ ရင်ဆိုင်နေရတဲ့ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးမှလည်း အမြန်ဆုံး အားလုံးဘေးဘယာ ဝေးကွာကြပါစေကြောင်း မေတ္တာပို့သပါတယ်။

သတင်း - ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး

# စာပေပညာရှင်ကြီးများ၏ နှစ်သစ်စကားလက်ဆောင်

**၂၀၂၂ ခုနှစ် နှစ်သစ်အခါသမယတွင် မိဘပြည်သူများနှင့် မျိုးဆက်သစ်လူငယ်၊ လူရွယ်များအတွက် စိတ်ဓာတ်ခွန်အားရရှိစေမည့် နှစ်သစ်စကားလက်ဆောင် အဖြစ် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း၊ အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ နှစ်သစ်စကားလက်ဆောင်များကို စုစည်းဖော်ပြလိုက်ပါသည်-**

**ဦးညွန့်ဆွေ(မောင်ဆွေသက်)**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း**

စာအုပ်စာပေ လူ့မိတ်ဆွေဟူသော ဆိုရိုးစကားအတိုင်း အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်အောင် စာများများဖတ်ကြရန် တိုက်တွန်းလိုပါသည်။

လက်လှမ်းမီရာ ပုံနှိပ်စာများလည်းဖတ်ပါ။ တီဗွီဖန်သားပြင်နှင့် တယ်လီဖုန်းဖန်သားပြင်မှလည်း အကျိုးရှိစာများ ရှာဖွေဖတ်ရှုခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးပြုကြပါဟု တိုက်တွန်းလိုက်ရပါသည်။

**ဦးစိန်လှိုင်(သုရဇော်)**
**ဒုတိယဥက္ကဋ္ဌ (၂)**
**အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီ**

ပုထုဇဉ်လူသားတို့သဘာဝ လူတွေရဲ့စိတ်ဟာ "မကောင်းမှုမှာ မွေ့လျော်တတ်ကြပါတယ်"။ သည်တော့ မကောင်းတာမလုပ်ဖို့ မိမိစိတ်ကိုဆုံးမနိုင်ရင် "လူတော်" ဖြစ်ပါလိမ့်မယ်။

ယနေ့လူငယ်တွေဟာ "မိမိစိတ်ကို အလိုမလိုက်ဘဲ" "ကောင်းမှုတွင်" မွေ့လျော်အောင် အားထုတ်ကြရပါမယ်။ ဒါ့အပြင် လူဆိုတာ "မှားတတ်တဲ့" သတ္တဝါမျိုးလည်း ဖြစ်ပါတယ်။

သည်တော့ မကောင်းခဲ့တာရှိရင် နှစ်ဟောင်းမှာထားခဲ့ပါ။ အခုနှစ်သစ်မှာ လူသစ် စိတ်သစ်မွေးပြီး "ကောင်းတာတွေ" ပြုလုပ်ကြရပါမယ်။

နှစ်သစ်မှာမိမိနိုင်ငံအတွက် ကောင်းတဲ့လူငယ်လေးတွေဖြစ်ပြီး နိုင်ငံတော်ကောင်းကျိုးကို သယ်ပိုးရွက်ဆောင်နိုင်တဲ့ နိုင်ငံ့သားကောင်း သမီးကောင်းရတနာလေးတွေဖြစ်လာနိုင်ကြပါစေလို့ "နှစ်သစ်စကားလက်ဆောင်" ပေးလိုက်ရပါတယ်။

**ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)**
**အတွင်းရေးမှူး**
**မြန်မာနိုင်ငံစာရေးဆရာအသင်း**

နှစ်ဟောင်းကုန်လို့ နှစ်သစ်ကိုကူးပြောင်းလာခဲ့ပါပြီ။

နှစ်ဟောင်းမှာ မိမိအကျိုး၊ မိသားစုအကျိုး၊ ရပ်ကျိုးရွာကျိုးတွေကို ဘယ်လောက်အထိ ကြိုးပမ်းထမ်းရွက်နိုင်ခဲ့ကြသလဲ။ ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်ကြစေချင်ပါတယ်။ ဆင်ခြင်သုံးသပ်ရရှိတဲ့ ရလဒ်သံဝေဂကို အခြေခံပြီး နှစ်သစ်မှာ စိတ်သစ်၊ လူသစ်၊ အားမာန်သစ်ကိုယ်စီနဲ့ ကြိုးစားလှုပ်ရှား ရပ်တည်သွားကြရမှာပါ။

အထူးသဖြင့် လူငယ်တွေ၊ လက်ရှိဘဝနဲ့ အရွယ်အလိုက် အချိန်ကိုတန်ဖိုးရှိရှိ အသုံးချကြစေချင်ပါတယ်။

လောကကြီးမှာ အစားထိုးလို့မရတာဟာ အချိန်နဲ့ မိဘတွေပါ။ ကုန်ဆုံးသွားတဲ့ငွေကို ပြန်ရှာလို့ရပေမယ့် ကုန်ဆုံးသွားတဲ့အချိန်ကို ပြန်လိုချင်လို့မရတော့ပါဘူး။ အဲဒီလိုပါပဲ မိဘတွေဟာ သက်ရှိဘုရားတွေပါ။ မိဘတွေ ကွယ်လွန်သွားကြရင် အစားထိုးလို့ မရတော့ပါဘူး။

ဒါကြောင့် "လသာတုန်းဗိုင်းငင်၊ မိုးရွာတုန်းရေခံ" ဆိုသလို အချိန်ရှိခိုက် လုံ့လစိုက်ကြပြီး မှန်ကန်တဲ့ ရည်မှန်းချက် ပန်းတိုင်များဆီကို မှန်ကန်တဲ့ နည်းလမ်းတွေနဲ့ ခလုတ်မထိ၊ ဆူးမငြိဘဲ လျှောက်လှမ်းနိုင်ကြပါစေ။

သက်ရှိမိဘများကို ပြုစုလုပ်ကျွေးနိုင်ကြပါစေလို့ နှစ်သစ်မင်္ဂလာစကား ပါးလိုက်ပါရစေ။ ။

**မင်းထက်နိုင် - စုစည်းသည်။**

# စစ်တွေမြို့ လေးဝတီပညာရေးရိပ်သာရှိ ကျောင်းသား ကျောင်းသူများကို အထောက်အကူပြုပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၃၁

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ လေးဝတီပညာရေးရိပ်သာ၌ နေထိုင်၍ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းမှူးက ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ပညာရေးရိပ်သာအတွင်းရှိ အိပ်ဆောင်များ၊ အားကစားခန်းမနှင့် စုပေါင်းစားချက်ဆောင်တို့အား လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံသင်တန်းများ (၆-၁-၂၀၂၂)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ကြေညာချက်

**နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ သင်တန်းများဖွင့်လှစ်ခြင်း**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများတွင် (၂၀၁၉-၂၀၂၀) ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ဘွဲ့ကြို၊ ဘွဲ့လွန်၊ ဒီပလိုမာနှင့် သင်တန်းအသီးသီးကို (၆-၁-၂၀၂၂)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

(က) နည်းပညာတက္ကသိုလ်များ
- (၁) B.S Bio-Tech (တတိယနှစ်)
- (၂) B.E/B.Arch (ပဉ္စမနှစ်)
- (၃) B.E (ဆဋ္ဌမနှစ် - Internship & mini-thesis ဆောင်ရွက်ဆဲ)
- (၄) ဘွဲ့လွန်ဒီပလိုမာ
- (၅) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ရှိ ပထမနှစ်မှ ပဉ္စမနှစ်အထိ

(ခ) ကွန်ပျူတာတက္ကသိုလ်များ
- (၁) စတုတ္ထနှစ်
- (၂) ဘွဲ့ကြို ဒီပလိုမာ
- (၃) ဘွဲ့လွန် ဒီပလိုမာ
- (၄) မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်ရှိ ပထမနှစ်မှ စတုတ္ထနှစ်အထိ

(ဂ) အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုလက်မှု သိပ္ပံများ
- (၁) AGTI ပထမနှစ်
- (၂) AGTI ဒုတိယနှစ်

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်း သစ်တောပညာဘွဲ့ကြိုသင်တန်းများ ၆-၁-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်းတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် အောက်ပါဘွဲ့ကြိုသင်တန်းအသီးသီးကို ၆-၁-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

- (က) သစ်တောပညာ ပထမနှစ် (ပထမနှစ်ဝက်) ဘွဲ့ကြိုသင်တန်း
- (ခ) သစ်တောပညာ ဒုတိယနှစ် (ပထမနှစ်ဝက်) ဘွဲ့ကြိုသင်တန်း
- (ဂ) သစ်တောပညာ တတိယနှစ် (ပထမနှစ်ဝက်) ဘွဲ့ကြိုသင်တန်း
- (ဃ) သစ်တောပညာ စတုတ္ထနှစ် (ပထမနှစ်ဝက်) ဘွဲ့ကြိုသင်တန်း

**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြေညာချက်

**တက္ကသိုလ်နေ့သင်တန်းများ ဖွင့်လှစ်ခြင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)နှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တို့တွင် အောက်ဖော်ပြပါအတိုင်း သင်တန်းများဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

**(၁) သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် |
|---|---|---|
| (က) | တတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ခ) | ဒုတိယနှစ်သင်တန်း | ၃-၂-၂၀၂၂ |
| (ဂ) | ပထမနှစ်သင်တန်း | ၃-၂-၂၀၂၂ |

**(၂) သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)**

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် |
|---|---|---|
| (က) | တတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ခ) | မဟာတန်းဒုတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ဂ) | မဟာတန်းပထမနှစ်သင်တန်း | ၆-၁-၂၀၂၂ |

**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့ကြိုသင်တန်းများဖွင့်လှစ်မည်

၁။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် သင်ကြားပို့ချလျက်ရှိသော (၂၀၁၉-၂၀၂၀) ပညာသင်နှစ်အတွက် အောက်ဖော်ပြပါဘွဲ့ကြိုသင်တန်းအသီးသီးကို (၆-၁-၂၀၂၂)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) တိရစ္ဆာန်ဆေးပညာ ပဉ္စမနှစ် (ဒုတိယနှစ်ဝက်)

(ခ) မွေးမြူရေးပညာ တတိယနှစ် (ဒုတိယနှစ်ဝက်)၊

၂။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပြီးပါက ကာကွယ်ဆေးထိုးပြီးကြောင်း ကတ်ပြားနှင့်အတူ ကျောင်းသားရေးရာဌာနသို့ ကျောင်းအပ်ချိန်တွင် သတင်းပို့ရမည်ဖြစ်ပါသည်။ ကာကွယ်ဆေးမထိုးနှံရသေးပါကလည်း ကာကွယ်ဆေးထိုးနှံရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် အမြန်ဆုံးပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား ဖုန်း ၀၆၇-၃၄၁၆၅၂၆ နှင့် ၀၆၇-၃၄၁၆၆၅၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

## စလင်းမြို့နယ် ကြွယ်စုကျေးရွာ၌ ငါးသယံဇာတထိန်းသိမ်းရေးပညာပေးဟောပြောပွဲ ဆောင်ရွက်

ပွင့်ဖြူ ဒီဇင်ဘာ ၃၁

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ ပျက်စီးဆုံးရှုံးမှုမရှိစေရန်နှင့် ငါးသယံဇာတများ ရေရှည်တည်တံ့စေရန်ရည်ရွယ်၍ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့မှ ဒီဇင်ဘာ ၂၉ ရက်တွင် စလင်းမြို့နယ် စွန်းကျွန်းညို ကျေးရွာအုပ်စု ကြွယ်စုကျေးရွာ၌ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲ ဆောင်ရွက်ခဲ့ပြီး မင်းဘူးခရိုင်တာဝန်ခံ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်းက ရေလုပ်သား ၂၀ အား ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## နှစ်သစ်အခါ မင်္ဂလာ

နှစ်သစ်အခါ၊ မင်္ဂလာတည့်
ခုခါနှစ်ဟောင်း၊ ကျန်ခဲ့ညောင်းလည်း
ပြောင်းလဲခြင်းတိမ်၊ လောကအိမ်ဝယ်
အချိန်အခါ၊ လျင်မြန်စွာတည့်
ကာလရထား၊ မရပ်နားဘဲ
တို့အားသယ်ဆောင်ခဲ့ချေပြီ။

နှစ်ဟောင်းဆီက၊ ပြုခဲ့ကြသည့်
ကိစ္စထွေပြား၊ ဖြစ်ရပ်များကို
အမှားအမှန်၊ ပိုင်းခြားဉာဏ်ဖြင့်
ဝေဖန်တွက်ဆ၊ သုံးသပ်ကြလျက်
ကိုယ်ငကိုယ်စီ၊ ရှေ့ဆက်ချီမည့်
မှန်းရည်လျှောက်လှမ်း၊ ဘဝလမ်းကို
လှပန်းဝေစေချင်ပါသည်။

အို...
နှစ်သစ်အခါ၊ မင်္ဂလာမို့
နှစ်သစ်အခါ၊ အကြင်နာနှင့်
နှစ်သစ်အခါ၊ အသင်လာလော့
ရှာမှုရပ်ရေး၊ ပါဝင်တွေးလျက်
ဝေးရာမှနီး၊ တို့ခရီးကို
ပေါင်းစည်းလက်များ၊ ညီညွတ်အားဖြင့်
အများရှိလျှင်၊ ငါတို့ပြင်စို့
အမြင်ထောင့်က၊ ဖြောင့်ပါကြစို့
ဘဝအနှစ်၊ အလှစစ်ကို
ဖွေလှစ်ဆင့်ကမ်း၊ မေတ္တာလှမ်းလျက်
ချစ်ပန်းဝေဆာ ပွင့်စေရာ။
စွမ်းနိုင်သမျှစွမ်းဆောင်ပါ။
နှစ်သစ်အခါ မင်္ဂလာ။ ။

မြင်းမူမောင်နိုင်မိုး

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# သင်ခန်းစာယူအပ်ရာ လွတ်လပ်ရေးကြိုးပမ်းမှုမှသည် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည့်တန်ဖိုးများ

ဒေါက်တာမြတ်မိုး

နှစ်ပေါင်း ၁၂၀ ကျော် တစ်ပါးတိုင်းပြည် လက်အောက်ခံကျွန်သဘောက်ဘဝဖြင့် ၁၈၂၄ ခုနှစ်ကတည်းက ဆုံးရှုံးခဲ့ရသည့် မြန်မာတို့၏ လွတ်လပ်ရေး၊ လုံးဝလွတ်လပ်ပြီး အချုပ်အခြာ အာဏာကို ပြန်လည်ရရှိခဲ့တာ ၇၄ နှစ် ရှိခဲ့ပေပြီ။

သို့သော် နိုင်ငံတော်ကား အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေရဆဲ ဖြစ်သည်။ အရှေ့တစ်ခုအတွက် တွန်းအားများ ရပ်တန့်သွားတိုင်း တိုးတက်မှုက တုံ့နှေးသွားတတ်သည်။ နိုင်ငံသမိုင်း၊ လူမျိုးသမိုင်း၊ ယဉ်ကျေးမှု သမိုင်းများနှင့် တန်ဖိုးများ ခိုင်ခိုင်မာမာရှိခဲ့၍သာ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေခြင်း ဖြစ်သည်။ စုစုစည်းစည်းတည်ဆောက်ထားသော စည်းလုံးညီညွတ်မှုကြောင့်သာ ကမ္ဘာ့အလယ် တွင် "မြန်မာ" ဟူ၍ ထာဝရရပ်တည်နေနိုင်ခြင်း ဖြစ်သည်။ အမြော်အမြင်ရှိသော ခေါင်းဆောင်များ နှင့် မျိုးချစ်စိတ်များကြောင့်သာ တိုင်းပြည်မပြိုကွဲ သွားခြင်းဖြစ်သည်။



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ကို တွေ့ရစဉ်။

## ဘုန်းမီးနေလတောက်ပခဲ့သည်ကို ကိုယ်စားပြုသည့် "မြန်မာ" ဆိုသောအဓိပ္ပာယ်

**"မြန်မာ" ဆိုသည့်အဓိပ္ပာယ်ကိုက ပြည့်စုံ ကျယ်ပြန့်သည်။ စစ်ချီတက်သည့်အခါ၊ အရေးကြုံ သည့်အခါ ဉာဏ်ပညာနှင့်ကြံစည်တတ်ပြီး သတ္တိ နှင့်ပြည့်စုံခြင်းဆိုသည့် "မြန်" ဟူသော အဓိပ္ပာယ်ကို "မာ" ဆိုသည့်ထက်သန်သောဆန္ဒ၊ မလျှော့သောဝီရိယ၊ ဇာတိသွေးဇာတိမာန်၊**

> **"မြန်မာ" ဆိုသည့်အဓိပ္ပာယ်ကိုက ပြည့်စုံကျယ်ပြန့်သည်။ စစ်ချီတက်သည့်အခါ၊ အရေးကြုံသည့်အခါ ဉာဏ်ပညာနှင့်ကြံစည်တတ်ပြီး သတ္တိနှင့် ပြည့်စုံခြင်းဆိုသည့် "မြန်" ဟူသောအဓိပ္ပာယ်ကို "မာ" ဆိုသည့်ထက်သန်သော ဆန္ဒ၊ မလျှော့သောဝီရိယ၊ ဇာတိသွေးဇာတိမာန်၊ ခက်ထန်မာကျောသော အဓိပ္ပာယ်များများဖြင့် ပေါင်းစပ်လိုက်သည့်အခါ ဂုဏ်ထူးဝိသေသထူးခြားသည့် "မြန်မာ" ဟူသော အဓိပ္ပာယ်တစ်ခု ပေါ်လွင်ထင်ရှား**

**ခက်ထန်မာကျောသော အဓိပ္ပာယ်များများဖြင့် ပေါင်းစပ်လိုက်သည့်အခါ ဂုဏ်ထူးဝိသေသ ထူးခြားသည့် "မြန်မာ" ဟူသောအဓိပ္ပာယ်တစ်ခု ပေါ်လွင်ထင်ရှားလာပါသည်။**

"မြန်မာ" ဟူသည် တိုင်းရင်းသားလူမျိုး အားလုံးကို ကိုယ်စားပြုပြီး ရှေးပဝေသဏီ ကတည်းကပင် ဂုဏ်ရောင်ထွန်းပြောင် ဘုန်းမီး နေလတောက်ပခဲ့သောအမျိုးကို ကိုယ်စားပြုသည်။ သမိုင်းအစဉ်အဆက် အဓိကကျသည်က ကာကွယ် ရေးအင်အားနှင့် ခေါင်းဆောင်မှုဖြစ်သည်။ ကာကွယ်ရေးစွမ်းပကားကို အခြေခံပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ ဝန်းရံမှုနှင့် အတူ ခေါင်းဆောင်မှုအားကောင်းပါက နိုင်ငံတော် ကြီး ခိုင်မာတောင့်တင်းပြီး ပိုမိုတည်ငြိမ်ဖွံ့ဖြိုး တိုးတက်သည်ကို တွေ့ရသည်။ ကာကွယ်ရေး စွမ်းပကားအားနည်းကာ ခေါင်းဆောင်မှုညံ့ဖျင်းပြီး စည်းလုံးညီညွတ်မှုမရှိသည့် ခေတ်များတွင် သူတစ်ပါးကျူးကျော်စော်ကားမှုကို ခံရစမြဲဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးလည်း ထိုအချက်များနှင့်ပင် ဆုံးရှုံးခဲ့ရသည်။ နန်းတွင်းရေးအရှုပ်တော်ပုံများ အောက်တွင် ကာကွယ်ရေးအင်အားကို တည်ဆောက် ရန် ဉာဏ်အမြော်အမြင်နည်းပါးခဲ့ကြသည်။ စနစ် တကျရှိလှသော နယ်ချဲ့တို့၏လက်နက်အင်အားကို မယှဉ်နိုင်သည့်အခြေအနေတွင် ညီညွတ်မှုမရှိခြင်းက ထပ်ဆင့်လိုက်သည့်အကျိုးဆက်အဖြစ် တစ်မျိုးသား လုံး သူ့ကျွန်ဘဝရောက်ခဲ့ရသည်ကို လေ့လာထားကြ စေလိုသည်။

## လွတ်လပ်ရေးအတွက်ပေးဆပ်ခြင်းများစွာ

လွတ်လပ်ရေးဆိုတာ အလွယ်တကူဆုံးရှုံးရ **တတ်ပေမယ့် ပြန်လည်ရယူရရှိရန်မှာ နှစ်ပေါင်း များစွာ တော်လှန်တိုက်ပွဲဝင်ပြီးမှသာ ရရှိနိုင်သည်။ ဖွဲ့နပဲနှင့် ခက်ခက်ခဲခဲတိုက်ယူခဲ့ရသည်ချည်း ဖြစ်သည်။ အသက်သွေးချွေးမြောက်မြားစွာ စတေးခဲ့ ရသည်။ ပေးဆပ်မှုပေါင်းများစွာဖြင့် ရင်းပြီးမှ အောင်ပွဲများ ရယူခဲ့ရခြင်းဖြစ်သည်။ လယ်သမား၊ အလုပ်သမား၊ ကျောင်းသားအရေးတော်ပုံများ အမျိုးသားရေးလှုပ်ရှားမှုများ တရစပ်ဆင့်နွဲပြီး လူတန်းစားပေါင်းစုံ အကျဉ်းချခံ၊ အဖမ်းခံ၊ အသက် စွန့်ကြပြီးမှ ရရှိခဲ့သည့်ရလဒ်ဖြစ်သည်။**

လွတ်လပ်ရေး ခရီးလမ်းတစ်လျှောက် ကြမ်းတမ်းသောအရှေ့တိုင်းတွင် မျိုးချစ်စိတ်နှင့် အမျိုးသားရေးဝိသေသလက္ခဏာများက အဓိက တွန်းအားများဖြစ်သည်ကို သတိပြုရန်လိုသည်။ ထိုအဓိကတွန်းအားများအပေါ်တွင် ယုံကြည်ချက်နှင့် အမြော်အမြင်ကြီးမားသော ခေါင်းဆောင်မှု၊ တောင်ပေါ်မြေပြန့်မခွဲခြား တိုင်းရင်းသားလူမျိုး အပေါင်း၏ စည်းလုံးညီညွတ်မှု၊ လွတ်လပ်ရေးကို အရယူလိုသည့် ပြည်သူတစ်ရပ်လုံး၏ပြင်းပြသော ဆန္ဒနှင့် သံမဏိစိတ်ဓာတ်၊ စည်းကမ်းရှိပြီး စနစ်ကျ သောတပ်မတော်တစ်ရပ် ဖွဲ့စည်းနိုင်ပြီး လက်နက် တပ်ဆင်နိုင်မှု စသည့်အချက်များကြောင့် နယ်ချဲ့ အင်္ဂလိပ်ကိုရော ဖက်ဆစ်ဂျပန်ကိုပါ တိုက်ထုတ်နိုင် ခဲ့ပြီး နောက်ဆုံးလွတ်လပ်ရေးပန်းတိုင်ကို အရောက် လှမ်းနိုင်ခဲ့သည်ကို တွေ့ရသည်။

## အဆုံးအရှုံးမှသင်ခန်းစာယူ အခွင့်အရေးကို မျက်ခြည်ပြတ်မခံပါနှင့်

အဘက်ဘက်ကနောက်ကျ၍ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသော်လည်း အနိုမ်မခံ၊ သူ့ကျွန်မခံလိုသည့် စိတ်ဓာတ်နှင့် တိုင်းတစ်ပါးလက်အောက်ခံမနေလိုသူ တိုင်းရင်းသားအပေါင်း၏ တော်လှန်တိုက်ခိုက်လို စိတ်ကိုမူ နယ်ချဲ့တို့အနေဖြင့် လျစ်လျူရှု၍မရခဲ့သည် ကို တွေ့ရသည်။ လူက ချေမှုန်းခံခဲ့ရသော်လည်း စိတ်ဓာတ်ကိုမူ ဦးနှိမ်၍မရခဲ့။ သို့သော် လက်နက် ကိုင်တော်လှန်ရေးတစ်ခုတွင် စွမ်းရည်ပြည့်ဝသော ခေါင်းဆောင်မှုကင်းမဲ့ခြင်းနှင့် ခေတ်မီပြီး စနစ် တကျရှိသော လက်နက်အင်အားဖွဲ့စည်းနိုင်မှု မရှိခြင်းဟူသောအချက်သည် အောင်မြင်မှု မရရှိခြင်းအတွက် အကြောင်းတရားတစ်ခု ဖြစ်သည်ကိုမူ မမေ့အပ်ပေ။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ခေတ်မမီလှသော ကနဦးတိုင်းရင်းသားလက်နက် ကိုင်တော်လှန်ရေးများကို မြစ်ဖျားခံခဲ့၍သာ အဆက်ဆက်သော အမျိုးသားရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာနိုင်ခဲ့ခြင်းဖြစ်၍ လွတ်လပ်ရေး ဆုံးရှုံးပြီးချင်း တော်လှန်ခဲ့ကြသည့် နယ်စွန် နယ်ဖျားက တိုင်းရင်းသားခေါင်းဆောင်များ ကိုလည်း မေ့ထား၍မရပါ။ ဆုံးရှုံးခဲ့မှုများ၊ အရင်း အနှီးများကို သင်ခန်းစာယူ၍ နယ်ချဲ့လက်အောက် မှ လွတ်မြောက်ရေးကို တစိုက်မတ်မတ် မျက်ခြည်ပြတ်မခံသည့် မြန်မာခေါင်းဆောင်များ၏ အမြော်အမြင်ကြောင့်သာ ဗြိတိသျှတို့ပါဝင်သည့် ဒုတိယကမ္ဘာစစ်ကြီးကိုအကြောင်းပြု၍ သမိုင်းဝင် လွတ်လပ်ရေးလှုပ်ရှားမှု အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ခဲ့သည်ကိုလည်း တွေ့ရှိ ရသည်။

## ခေါင်းဆောင်ကောင်းနှင့် ညီညွတ်မှုသည်ပဓာန

လွတ်လပ်ရေးသမိုင်းတွင် ခေါင်းဆောင်မှု သည် အရေးပါသလို ညီညွတ်ခြင်းသည်လည်း အဓိကကျသည်။ ခေါင်းဆောင်ကောင်းတို့မည်သည် စိတ်စေတနာကောင်းဖြင့် ကျယ်ပြန့်သောစည်းရုံးမှု ကိုဖော်ဆောင်နိုင်သော်လည်း အတ္တမာနရှေ့တန်း တင်၍ အမြော်အမြင်နည်းသော ခေါင်းဆောင်များ ကြောင့်လည်း ညီညွတ်မှုပြိုကွဲရတတ်သည်။ ဒုတိယကမ္ဘာစစ်အပြီး ဖဆပလအဖွဲ့ချုပ်အတွင်း ပဋိပက္ခဖြစ်ပြီး အကွဲအပြဲဖြစ်ခြင်းက သာဓက ဖြစ်သည်။ နိုင်ငံရေးမကျေနပ်ချက်၊ ကိုယ်ရေး ကိုယ်တာမကျေနပ်ချက်တို့ကိုအခြေခံ၍ မိမိအကျိုး ကို ရှေ့တန်းတင်လိုက်သည့်အခါ ပြည်သူကို အကြည်ညိုပျက်သွားစေသည်။ ခေါင်းဆောင်များ အကြား ညီညွတ်မှုကိုထိခိုက်စေပြီး ပြည်သူတို့ လိုလားသော လွတ်လပ်ရေးပန်းတိုင် တုံ့ဆိုင်း မတတ်ဖြစ်ခဲ့ရသည်ကို တွေ့ရှိရသည်။

စာမျက်နှာ ၉ သို့ ❖

> **နိုင်ငံတစ်နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးရန်လွယ်ကူသလောက် ပြန်လည် ရယူရန်ခက်ခဲတတ်ပြီး တိုးတက်ရန်ခက်ခဲသလောက် ကျဆုံးရန် လွယ်ကူလှပါ သည်။ အုပ်ချုပ်မှုညံ့ဖျင်းခြင်း၊ ပဋိပက္ခများနှင့် တည်ငြိမ်မှုကင်းမဲ့ခြင်း၊ စီးပွားရေးဆက်တိုက်ကျဆင်းခြင်း၊ ညီညွတ်မှုမရှိခြင်း၊ စည်းကမ်းမဲ့ခြင်း၊ ရာဇဝတ်မှုထူပြောပြီး တရားဥပဒေစိုးမိုးမှုမရှိခြင်း စသည့်အချက်များသည် ဒီမိုကရေစီအမြစ်မတွယ်သေးသည့် နိုင်ငံတစ်နိုင်ငံအတွက် လွတ်လပ်ရေး ဆုံးရှုံးနိုင်ခြေများဖြစ်သည်ကို ကမ္ဘာ့ဖြစ်စဉ်များမှ သင်ခန်းစာယူနိုင်**

> (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းခဲ့ရပုံများကို လေ့လာလျှင် သင်ခန်းစာယူဖွယ်ရာ သံဝေဂပွားစရာများ များစွာရှိပါလိမ့်မည်။ ယနေ့ခေတ်လူငယ်များ၊ အနာဂတ်မျိုးဆက်သစ်များ အနေဖြင့် များစွာလေ့လာသိရှိထားရန် လိုအပ်ပါမည်။ အနည်းဆုံးတော့ လွတ်လပ်မှု၏တန်ဖိုးကို နားလည်သဘောပေါက်ပြီး လွတ်လပ်ရေးကို ချစ်မြတ်နိုးတတ်ရန်လိုအပ်

❖ စာမျက်နှာ ၈ မှ

လွတ်လပ်ရေးရပြီးပြန်တော့လည်း နိုင်ငံ၏ အချုပ်အခြာအာဏာကို ရေကုန်ရေခန်း ပြန်လည် ကာကွယ်စောင့်ရှောက်ခဲ့ရပြန်သည်။ မညီညွတ်ကြခြင်း၏အကျိုးဆက်ပင်ဖြစ်သည်။ မညီညွတ်ခြင်းနှင့် ပြည်ပပယောဂဝင်ရောက်မှု ဆက်စပ်နေသည်။ ပြည်ပက လမ်းညွှန်သော "လွတ်လပ်ရေးဆိုတာ တိုက်ယူမှရသည်" ဟူသော လက်ဝဲဝါဒနှင့် လမ်းစဉ်ကို ယုံကြည်၍ ဗမာပြည်ကွန်မြူနစ်ပါတီ ဗကပတို့တောခိုသွားခဲ့ရာမှစ၍ ပြည်တွင်းစစ်မီး ဟုန်းဟုန်းတောက်ခဲ့သည်။ ငြိမ်းချမ်းရေးကို မလိုလားသည့် ဗကပတို့ သူပုန်မထခင် မြို့တွင်း ဆန္ဒပြဆူပူသောင်းကျန်းမှုများ လူထုအစည်းအဝေးများ ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြခြင်းက အစိုးရနှင့် ပြည်သူကို ရန်တိုက်ပေးသကဲ့သို့ ဖြစ်သည်ကိုလည်း သတိမူရန်လိုအပ်ပါသည်။

## ရင်ဆိုင်ခဲ့ရသည့် လွတ်လပ်ရေးအတွက် ခြိမ်းခြောက်မှုများစွာ

ကွန်မြူနစ်ကတောခို၊ တပ်ရင်းအချို့က ခွဲထွက်စဉ်မှာ ပြည်သူ့ရဲဘော် (ရဲဘော်ဖြူ) နှင့် ပြည်ထောင်စုစစ်ရဲအဖွဲ့များကလည်း တောခိုသူပုန်ထကြပြန်သည်။ ကွန်မြူနစ်များ ပုန်ကန်တော့ ကွန်မြူနစ်ကိုထောက်ခံသည့် တက္ကသိုလ်ကျောင်းသားများလည်း လိုက်ပါတောခိုကြပြန်သည်။ သမဂ္ဂအမည်ခံဝန်ထမ်းများက သပိတ်မှောက်ကြသည်။ ကျောင်းများ၊ အစိုးရရုံးများ ဖရိုဖရဲဖြစ်ရသည်။

## ဒီမိုကရေစီတန်ဖိုးများ ပျက်ယွင်းစေသည်အထိ ဖိအားနှင့်သက်ရောက်မှုများ

လွတ်လပ်ရေးရပြီး နှစ်လကျော်ခန့်မှစ၍ နှစ်နှစ်ခန့်ထိကာလတစ်ရပ်သည် နိုင်ငံအတွက် အလွန်ဆိုးရွားပြင်းထန်သော ကာလတစ်ခုဟု ဆိုရမည်ဖြစ်သည်။ မြို့ရွာအများအပြား ရောင်စုံသူပုန်များအစီးခံရပြီး အပြန်အလှန်သတ်ပွဲဖြတ်ပွဲများဖြင့် အပြစ်မဲ့ပြည်သူများ အကာအကွယ်မဲ့ အားကိုးရာမဲ့ဖြစ်ခဲ့ကြရသည်။ ပါဝင်ပတ်သက်သူ သူပုန်အပါအဝင် ဂိုဏ်းဂဏအဖွဲ့တိုင်းတွင် သူ့လူကိုယ့်လူ၊ သူ့အဖွဲ့ကိုယ့်အဖွဲ့ ထောက်ခံသူများဖြင့် ကွဲပြားသွားခဲ့ကြသည်။ နိုင်ငံရေးနှင့်စစ်ရေး အပြန်အလှန်ဆက်စပ်နေရာ ပြည်တွင်းစစ်ဖိအားက အစိုးရအပေါ် ကြီးမားသောသက်ရောက်မှုက ရှိပြန်သည်။ အစိုးရအဖွဲ့မှ ဝန်ကြီးအချို့နုတ်ထွက်သွားသည်အထိဖြစ်ခဲ့ရသည်။ ဘေးကျပ်နံကျပ်အစိုးရတစ်ရပ်အနေဖြင့် ရန်ကုန်အစိုးရဟု အခေါ်ခံရသည်အထိ မြန်မာနိုင်ငံတစ်ဝက်ကျော်ကျော်မှာ ရောင်စုံသူပုန်တို့လက်အောက် ကျရောက်ရသည့်ဘဝဖြစ်ခဲ့သည်။

ပြည်တွင်းစစ်မီးရန်က လွတ်ပြီးပြန်တော့လည်း မရင့်ကျက်သေးသည့်ဒီမိုကရေစီနှင့် ပါလီမန်သက်တမ်းနုနုတွင် ပြဿနာများကို ကြိုးစားဖြေရှင်းကြတိုင်း အဖြေမှန်ကို ရှာရခက်ခဲနေတတ်ပြီး အဖွဲ့များအတွင်း ရန်ငြိုးများသာ ကြီးထွားလာသည်ကို တွေ့ရသည်။ နားလည်မှုလွဲ၍ ယုံကြည်မှုများ ပျောက်ဆုံးသွားဟန်ပေါ်သည်။ နောက်ဆုံးလမ်းခွဲ၍ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကွဲကြရာမှ ဒီမိုကရေစီတန်ဖိုးများလည်း ပျက်သုဉ်းရတော့သည်။ ပါတီတွေကွဲတော့ အုပ်ချုပ်ရေးယန္တရားကြီးလည်း ပျက်စီးယိုယွင်းရလေတော့သည်။

## ကိုလိုနီလှိုင်းတံပိုးအောက် ထပ်မရောက်ရန် အထူးသတိရှိရန်လို

အကြမ်းဖက်ဖြစ်ရပ်များနှင့် ငြိမ်းချမ်းရေးခရီး အနှောင့်အယှက်များသည် ဒီမိုကရေစီကို တည်ဆောက်မည်ဆိုသော နိုင်ငံတစ်နိုင်ငံတွင် အတိုင်းအတာတစ်ခုအထိ စိန်ခေါ်မှုများဖြစ်စေသည်။ ဒီမိုကရေစီတန်ဖိုးများ စံနှုန်းများကို ကိုယ်ကျိုးကြည့် အတ္တနှင့်ရောထွေးခဲ့သည့်အတွက် အနုတ်မှအပေါင်း၊ အဆိုးမှအကောင်းသို့ပြန်ဖြစ်ရန် မနည်းကြိုးစားကြရမည်သာဖြစ်သည်။ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိခဲ့သောကြောင့် အမှားနှင့်အမှန် ခပ်ပါးပါးကြားမှာ စည်းကမ်းမဲ့၊ အဆင်အခြင်မဲ့၊ တရားလက်လွတ်ပြုမူမှုများရှိနေသည့် ပတ်ဝန်းကျင်တွင် လွတ်လပ်မှုအရသာကို ကောင်းစွာမခံစားကြရခြင်းမှာလည်း သဘာဝကျပါသည်။

နိုင်ငံတစ်နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးရန် လွယ်ကူသလောက် ပြန်လည်ရယူရန် ခက်ခဲတတ်ပြီး တိုးတက်ရန်ခက်ခဲသလောက် ကျဆုံးရန် လွယ်ကူလှပါသည်။ အုပ်ချုပ်မှုညံ့ဖျင်းခြင်း၊ ပဋိပက္ခများနှင့် တည်ငြိမ်မှုကင်းမဲ့ခြင်း၊ စီးပွားရေးဆက်တိုက်ကျဆင်းခြင်း၊ ညီညွတ်မှုမရှိခြင်း၊ စည်းကမ်းမဲ့ခြင်း၊ ရာဇဝတ်မှုထူပြောပြီး တရားဥပဒေစိုးမိုးမှုမရှိခြင်း စသည့်အချက်များသည် ဒီမိုကရေစီအမြစ်မတွယ်သေးသည့် နိုင်ငံတစ်နိုင်ငံအတွက် လွတ်လပ်ရေးဆုံးရှုံးနိုင်ခြေများဖြစ်သည်ကို ကမ္ဘာ့ဖြစ်စဉ်များမှ သင်ခန်းစာယူနိုင်ပါသည်။

ကမ္ဘာ့ဖြစ်စဉ်များကနေ သင်ခန်းစာယူနိုင်သလောက်ယူ၊ လောလောဆယ် ကိုယ့်နိုင်ငံဝန်းကျင်ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း မျက်ခြည်မပြတ်သတိထားနေရန်လိုပါသည်။ အာရှပစိဖိတ်ကနေ အင်ဒိုပစိဖိတ်အရွေ့မှာ မဟာမိတ်အုပ်စုများ အပြိုင်အဆိုင်ဖွဲ့နေခြင်း၊ ဒေသတွင်းစိုးမိုးရန်ကြိုးစားပြီး စီးပွားရေးစားကျက်လုကြခြင်း၊ မနားတမ်း လက်နက်အပြိုင်အဆိုင်တပ်ဆင်နေကြခြင်း၊ လောင်စာလောင်း၊ တို့မီးရှို့မီးများဖြင့် အကြမ်းဖက်ပြဿနာများဖန်တီးခြင်း၊ စစ်ရေးအရချုပ်ကိုင်ပြီး စီးပွားရေးအရဖိနှိပ်ခြင်း၊ မလျော်သြဇာပေးခြင်း စသည်ဖြင့် သတိထားပြင်ဆင်ကာကွယ်ထားရမည့်အချက်များများစွာရှိနေပါသည်။ ကိုလိုနီလှိုင်းတံပိုးအောက်မှာ ထပ်နစ်မြုပ်မခံရရန် တစ်မျိုးသားလုံးနိုးကြားသတိထားကြရန်ဖြစ်ပါသည်။

## သစ္စာမဖောက် သစ္စာရှိ ပြည်သူ၊ တပ်နှင့် တိုင်းရင်းသားများ ရှိခဲ့သည်

သို့သော် ခေတ်အဆက်ဆက်ကြီးမားသော အကျပ်အတည်းများအကြား မြန်မာနိုင်ငံကား ကျရှုံးမသွားခဲ့ပါ။ ပြည်ထောင်စုကြီး မပြိုကွဲသွားခဲ့ပါ။ လွတ်လပ်ရေးလည်း မဆုံးရှုံးခဲ့ပါ။ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာဖောက်ခဲ့သူများရှိခဲ့သလို သစ္စာမယွင်းသူများလည်းရှိခဲ့ကြသည်။ မုန်တိုင်းထန်သော ပါလီမန်ဒီမိုကရေစီခေတ်ကာလအတွင်း မြို့ရွာများကို ဝင်စီးသောသူပုန်များကို ပြန်တိုက်ရန် ပြည်သူများကိုယ်တိုင် အစိုးရထံမှ လက်နက်များ တောင်းခံခဲ့ကြသည့်သစ္စာရှိပြည်သူများ အမြဲရှိခဲ့သည်။ အစိုးရကို သစ္စာခံသောတပ်ရင်းများ၊ တပ်သားပေါင်းများစွာက လွတ်လပ်ရေးနှင့် ဒီမိုကရေစီအမြစ်တွယ်ရေးအတွက် အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

တကယ်တမ်း အရေးကြုံလျှင် သစ္စာရှိရှိ ပြည်ထောင်စုကို လိုလိုလားလားကာကွယ်စောင့်ရှောက်မည့် တိုင်းရင်းသားများထဲမှ တိုင်းရင်းသားများစွာရှိခဲ့သည်။ သူပုန်ကိုထောက်ခံသည့်တိုင်းရင်းသားအချို့ရှိသလို အစိုးရကိုထောက်ခံသည့် တိုင်းရင်းသားများစွာလည်း ရှိခဲ့သည်။ အာဏာဇောမကပ်ဘဲ နိုင်ငံတော်၊ ပြည်သူနှင့် အစိုးရအပေါ် သစ္စာစောင့်သိသော နိုင်ငံရေးသမားများစွာရှိခဲ့သည်ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခဲ့ရပုံများကို လေ့လာလျှင် သင်ခန်းစာယူဖွယ်ရာ သံဝေဂပွားစရာများ များစွာရှိပါလိမ့်မည်။ ယနေ့ခေတ်လူငယ်များ၊ အနာဂတ်မျိုးဆက်သစ်များအနေဖြင့် များစွာလေ့လာသိရှိထားရန် လိုအပ်ပါမည်။ အနည်းဆုံးတော့ လွတ်လပ်မှု၏တန်ဖိုးကို နားလည်သဘောပေါက်ပြီး လွတ်လပ်ရေးကို ချစ်မြတ်နိုးတတ်ရန် လိုအပ်နေပါသည်။

ခေတ်အဆက်ဆက် ခက်ခက်ခဲခဲကြိုးပမ်းရယူခဲ့ရပြီး အသက်ပေးကာကွယ်စောင့်ရှောက်နေရသည့် အားလုံးပိုင်ဆိုင်သည့် တန်ဖိုးတစ်ခုကို သားစဉ်မြေးဆက် မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းရန် သမိုင်းပေးတာဝန်တစ်ရပ် အားလုံးတွင် ရှိနေပါပြီ။ ။




# သံဖြူဇရပ်မြို့နယ်ရှိ ကျေးရွာလေးရွာ၌ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

မွန်ပြည်နယ်သံဖြူဇရပ်မြို့နယ်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာလေးရွာသို့ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေနှင့် ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ရေပေးဝေရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၅၄ သန်းနှင့် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဒသမ ၄၀ သန်း စုစုပေါင်းငွေကျပ် ၄၇ ဒသမ ၉၄ သန်းဖြင့် ဒရယ်ဖြူကျေးရွာ၊ နှစ်ကိုင်းကျေးရွာ၊ ဒုံဂနိကျေးရွာနှင့် ဘုရားလေးဆူကျေးရွာတို့တွင် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

သံဖြူဇရပ်မြို့နယ် ဒရယ်ဖြူကျေးရွာတွင် ရေတွင်းတူးဖော်ခြင်းနှင့် ရေစုကန်ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး နှစ်ကိုင်းကျေးရွာ၊ ဒုံဂနိကျေးရွာ၊ ဘုရားလေးဆူကျေးရွာတို့တွင် ရေတွင်းတူးဖော်ခြင်းနှင့် ရေစုကန်ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်ကုမ္ပဏီများမှ တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ထက်ရှိုင်း (ခာတု)

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၈-၁၁-၂၀၂၁) ရက်နေ့မှအဆက်

**သုဒ္ဓေါဒနမင်းကြီးသည် သားတော်ဘုရားရှင်အား သူ့ထံကြွလာရန် ပင့်လျှောက်ခြင်း**

ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခု ပြာသိုလပြည့်ကျော် ၁ ရက်၊ ၂ ရက်နေ့မှစ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် လူအပေါင်းတို့အား တရားရေအေးတိုက်ကျွေးဟောကြားနေလေသည်။

သုဒ္ဓေါဒနမင်းကြီးသည် ဤသတင်းကို ကြားလျှင် မင်းအမတ်တစ်ဦးအားခေါ်၍ ဘုရားရှင်အား သွားပင့်ရန်စေလွှတ်သည်။ အခြွေအရံ ၁၀၀၀ ဖြင့် သွားစေသည်။ မင်းကြီးကလည်း မင်းချင်းကို ဘုရားရှင်အား ပြောကြားရန် စကားမှာလိုက်ပါသည်။ မင်းကြီးသည် သူသည် အိုပြီဖြစ်၍ သူမသေခင် သားတော်ကို မြင်တွေ့ဖူးမြော်လိုသည်။ သားတော်ကို မတွေ့ရသည်မှာလည်း ကြာပြီဖြစ်သည်။

သူကျန်းမာနေစဉ် ဖူးမြော်ကန်တော့ရန် သားတော်ဘုရားရှင်အား သူ့ထံကြွလာရန် ပင့်လျှောက်ကြောင်း မှာကြားလိုက်ပါသည်။

ယူဇနာ ၆၀ ကျော်ဝေးသော ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ ၎င်းတို့ရောက်လာကြပါသည်။ ဘုရားရှင်သည် ပရိသတ်လေးပါးအား တရားဟောနေသည်ကိုတွေ့၍ အစွန်ဆုံးတွင် ၎င်းတို့အားလုံးလည်း ဘုရားရှင်၏ တရားကိုနာကုန်သည်။ ၎င်းတို့လည်း ရဟန်းပြုလိုကြောင်းပြော၍ ဘုရားရှင်က "ဧဟိဘိက္ခု"ဖြင့် ရဟန္တာမထေရ်များ ဖြစ်သွားကြလေသည်။ ၎င်းတို့သည် လောကီကိစ္စများကို စွန့်လွှတ်၍ နေကြပါသည်။ ၎င်းမင်းချင်းတို့သည် သုဒ္ဓေါဒနမင်းကြီးမှာလိုက်သော စကားကိုလည်း ဘုရားထံသို့ မလျှောက်ထားကြပါ။

ဤသို့လွှတ်လိုက်သော မင်းအမတ်များ မလာ၍ သုဒ္ဓေါဒနမင်းကြီးသည် မင်းအမတ် တစ်ဦးလျှင် အခြွေအရံ ၁၀၀၀ ဖြင့် စေလွှတ်ပင့်ခိုင်းရာ ကိုးကြိမ် ကိုးယောက်သော အမတ်တို့ ရှေးနည်းတူ ဘုရားထံ၌ ရဟန်းပြုကြလေသည်။ ၎င်းတို့ ပြန်မလာသည်ကို မင်းကြီးသည် သူ့အားပြောသော စကားကို မလိုက်နာသည်မှာ သူ့အပေါ် ချစ်ခြင်း မရှိသောကြောင့်ဟု ယူဆလေသည်။

မင်းကြီးသည် သူ့စကားကို လိုက်နာဆောင်ရွက်မည့် အမတ်တစ်ဦးကို စဉ်းစားသော် ဘုရားရှင်နှင့် ဖွားဖက်တော် "ကာဠုဒါယီ" အမတ်ကို မြင်လေသည်။ ထို့ကြောင့် "ကာဠုဒါယီ" အမတ်အားခေါ်၍ အထက်ပါအခြင်းအရာကို ပြောပြသည်။ သူတစ်ဦးတစ်ယောက်မှ သတင်းစကား ပြန်လာပါ။ ယင်းအတွက်ကြောင့် သူသည် သားတော်ကို တွေ့လိုသည်။ ပင့်ပေးစေလိုကြောင်း ပြော၍ ဆန္ဒကို တောင်းခံလိုက်ပါသည်။

ထိုအခါ ကာဠုဒါယီအမတ်က သူ့အား ရဟန်းပြုခွင့်ပေးမည်ဆိုလျှင် သူပင့်ပေးမည်ဖြစ်ကြောင်း ပြောပါသည်။ မင်းကြီးကလည်း သားတော်သာ သူ့ထံသို့ အရောက်ပင့်လာပါ။ သင် ရဟန်းပြုလိုပါကပြုပါ ခွင့်ပြုမည် ပြောလိုက်ပါသည်။ ကာဠုဒါယီအမတ်သည် အခြွေအရံ ၁၀၀၀ နှင့်အတူ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ သွားကြလေသည်။ ရှေ့နည်းတူ ဘုရားရှင်သည် ပရိသတ်အပေါင်းတို့အား တရားဟောနေသည်။ သူတို့ကလည်း ဝင်ရောက်တရားနာကြပါသည်။ ၎င်းတို့လည်း ဘုရား၏ "ဧဟိဘိက္ခု" ဖြင့် ရဟန္တာ ဖြစ်သွားကြလေသည်။

**ဘုရားရှင် ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း**

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးနေသည်မှာ နှစ်လတိုင် (ပြာသိုလပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ) သီတင်းသုံးနေသည်။ ထိုအချိန်မှာပင် အင်္ဂတိုင်းသား၊ မာဂဓတိုင်းသား တစ်သောင်းကျော်တို့သည် ရဟန္တာ ဖြစ်တော်မူခဲ့ပါသည်။ ထို့အပြင် ကပိလဝတ်ပြည်မှ စေလွှတ်လိုက်သော မင်းချင်း အမတ် ၁၀ ဦးနှင့် မင်းချင်း ၁၀၀၀၀ ကျော် ရဟန္တာ ဖြစ်ကြလေသည်။

ကပိလဝတ်ပြည်မှ စေလွှတ်လိုက်သောအခါ ကာဠုဒါယီအမတ်သည် ရဟန္တာဖြစ်ပြီး ခုနစ်ရက်မြောက်ပြီး ရှစ်ရက်နေ့သည် တပေါင်းလပြည့်နေ့ ဖြစ်သည်။ ဆောင်းအကုန် နွေဦးတုအကူးကာလ ဖြစ်ပါသည်။ တောတောင်ရေမြေတို့ကလည်း လှပကြောင်း ယင်းသဘာဝတို့ကို ဂါထာခြောက်ဆယ်ကျော်ဖြင့် ချီးမွမ်း၍ ဘုရားရှင်အား လျှောက်ထားလေသည်။ ထိုအချိန်မှာပင် သုဒ္ဓေါဒနမင်းကြီး မှာကြားလိုက်သော စကားအလုံးစုံကို လျှောက်ထားတင်ပြလေသည်။

ဘုရားရှင်က သူ၏ဆွေတော်မျိုးတော်များအား ချီးမြှောက်ပေးမည်။ ရဟန်းသံဃာတို့အား ယင်းအကြောင်းကို ဟောကြားရန် ကာဠုဒါယီမထေရ်အား အမိန့်ပေးညွှန်ကြားပါသည်။ ရဟန်းတို့သည် ခရီးသွား ရဟန်းတို့ ဝတ္တရားအတိုင်း ဆောင်ရွက်ကြပါဟု ဘုရားရှင် မှာကြားထားသည့်အတိုင်း ရဟန်းတို့အား လျှောက်ထားလေသည်။ ဘုရားရှင်လည်း ရဟန္တာနှစ်သောင်းခြံရံလျက် ဝေဠုဝန်ကျောင်းတော်မှ ကပိလဝတ်ပြည်သို့ ကြွလေသည်။ တစ်နေ့လျှင် တစ်ယူဇနာကျဖြင့် ရှေးရှုကြွကြပါသည်။

ဘုရားရှင် ဤသို့ကြွလာကြောင်းသတင်းကို ကာဠုဒါယီမထေရ်သည် သုဒ္ဓေါဒနမင်းကြီးအား ကောင်းကင်မှကြွ၍ ကြိုတင်သတင်း သွားပို့ထားပါသည်။ မင်းကြီးသည် ယင်းအမတ်ပြောသော စကားကြားလျှင် ဝမ်းမြောက်လေသည်။ ထို့အပြင် မင်းကြီးက ကာဠုဒါယီမထေရ်အား သင်တို့ဆရာ ဘုရားသည် သင်တို့ကဲ့သို့ ကောင်းကင်မှ ကြွလာနိုင်သလား မေးသည်။ အမတ်ရဟန္တာမထေရ်ကလည်း ဘုရားရှင်နှင့် သူတို့ကို မနှိုင်းကောင်းကြောင်း၊ လမင်းအရောင်နှင့် ပိုးစုန်းကြူးတို့ အလင်းရောင်ကွာသလို ကွာခြားကြောင်း လျှောက်ထားလေသည်။ ဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ်ဖြင့် နေမင်းတစ်ထောင် အလင်းရောင်ထက် ထူးကဲကြောင်း၊ ယင်းကြောင့် ဘယ်စခန်းသို့ ရဟန္တာ ရှစ်သောင်း ခြံရံလျက် ရောက်နေပြီဖြစ်ကြောင်းကို သတင်းပို့လျှောက်ထားလေသည်။

မင်းကြီးလည်း ကာဠုဒါယီမထေရ်ကို ဆွမ်းဘောဇဉ်များ ကပ်၏။ အလွန်ဝမ်းသာရွှင်လန်းသွားသည်။ သို့သော် ယင်းမထေရ်က ကောင်းကင်မှကြွ၍ ဘုရားအား ဆွမ်းကပ်ပြီး သူဘုဉ်းပေးမည်ဖြစ်ကြောင်း ပြောလေသည်။ မင်းကြီးက ဘုရားရှင်အား ဤနေရာသို့မရောက်ခင် နေ့စဉ် သူ့ဆွမ်းကို ယူဆောင်၍ ဘုရားအား ကပ်ပေးရန် လျှောက်ထားပါသည်။ ယင်းမထေရ်ကလည်း ဤပြည်သို့မရောက်ခင် ကောင်းကင်ခရီးမှကြွ၍ ဘုရားအား ဆွမ်းကပ်လေသည်။

လမ်းတစ်လျှောက်လုံး၌ ဘုရားသခင်သည် သူ့ဖခမည်းတော်မင်းကြီးဆွမ်းကို နေ့စဉ်ဘုဉ်းပေး၍ ကြွလာတော်မူလေသည်။ တစ်နေ့ တစ်ယူဇနာဖြင့် လာရာ ကဆုန်လပြည့်နေ့တွင် ကပိလဝတ်ပြည်သို့ ရောက်တော်မူလေသည်။

**ဆွေတော်မျိုးတော် သာကီနွယ်အပေါင်းတို့အား တန်ခိုးပြဆုံးမခြင်း**

ဘုရားရှင် ကြွလာသည်ကို သာကီနွယ် အမျိုးအပေါင်းဖြစ်ကြသော သုဒ္ဓေါဒနမင်းမှစ၍ မင်းအပေါင်းတို့သည် ပန်းနံ့သာစွဲကိုင်လျက် လာရောက်ခရီးဦးကြိုပြုကြကုန်သည်။ ထို့နောက် ဘုရားရှင်နှင့်တကွ သံဃာတော်များကို ဥယျာဉ်တော်တစ်နေရာ ပေးကြလေသည်။ ကြိုတင်ဆောက်လုပ်ထားသော ကျောင်းတော်၌ ဘုရားရှင်အား သီတင်းသုံးတော်မူစေသည်။

သာကီနွယ် ဆွေတော်မျိုးတော်တို့သည် သူတို့ကိုယ်သူတို့ အထင်ကြီးပြီး နေကြပါသည်။ ဇာတိမာန်တက်၍ နေကြပါသည်။ သူတို့တွေးကြသည်။ ဤသိဒ္ဓတ္ထမင်းသည် အသက်အားဖြင့် သူတို့ထက်ငယ်သည်။ သူတို့၏ တူသားငယ်လောက်ရှိသည်။ အလွန်အသက်ငယ်သေးသူ ဖြစ်သည်။ သူတို့က "ဘုရားရှင်အား ကန်တော့ရန်မလိုကြောင်း စိတ်တွေးပြီး သူတို့၏ သားငယ်၊ အသက်ငယ်သူများကို ဘုရားရှေ့သို့ထားပြီး သူတို့က နောက်မှာ နေလေသည်။

ဤသို့ သာကီနွယ် ဆွေတော်မျိုးတော်တို့၏ မာန်မာနတက်ကြွသည်ကို ဘုရားရှင်သည် သိတော်မူသည်။ သူတို့၏မာနကိုချိုးနှိမ်ရန် ဖြစ်တော်မူသည်။ ထို့အပြင် ဘုရားရှင်တို့ ဂုဏ်သတ္တိကို ပြတော်မူရန် စိတ်အကြံဖြစ်တော်မူသည်။ သူတို့သည် ဘုရားရှင်တို့၏ စွမ်းပကားနှင့် ဂုဏ်ကျေးဇူးကို မသိကြသည်ကိုလည်း သိတော်မူသည်။ ထို့ကြောင့် ဘုရားရှင်သည် ကောင်းကင်သို့ ပျံတက်၍ တန်ခိုးပြာဋိဟာ ရေမီးအစုံကို ပြတော်မူပြီး စကြံလျှောက်ခြင်းဖြင့် တရားဒေသနာကိုဟောကြားမည်ဟုအကြံဖြစ်တော်မူသည်။ ထိုအဖြစ်ကိုသိသော နတ်ဗြဟ္မာအပေါင်းတို့သည် ဘုရားရှင်အား ကောင်းချီးကြွေးကြော်ဩဘာပေးကြ၊ ပူဇော်ကန်တော့ကြလေသည်။

ထိုအခါမှ ဘုရားရှင်သည် နေရာပလ္လင်ထက်၌ စတုတ္ထဈာန်သမာပတ်ဝင်စား၍ ပလ္လင်ထက်မှ ကောင်းကင်ထက်သို့ ပျံတက်ကာ ရတနာစင်္ကြံကြီးကို ဖန်ဆင်း၍ ယင်းစင်္ကြံ၌ကြွလျက် ကိုယ်တော်မြတ်မှ နေရာ (၁၂) ဌာနမှ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူလေသည်။

နေရာ (၁၂) ဌာနဆိုသည်မှာ ဘုရားရှင်ကိုယ်တော်၏ (၁) အထက်ပိုင်းနှင့် အောက်ပိုင်း၊ (၂) ရှေ့ပိုင်းနှင့် နောက်ပိုင်း၊ (၃) ဝဲယာမျက်စိတော်၊ (၄) နားတော်နှစ်ဖက်၊ (၅) နှာခေါင်းတော်ပေါက်နှစ်ခု၊ (၆) ဝဲယာပန်းတော်နှစ်ဖက်၊ (၇) ဝဲယာလက်တော်နှစ်ဖက်၊ (၈) ဝဲယာနံပါးတော်နှစ်ဖက်၊ (၉) ဝဲယာခြေတော်နှစ်ဖက်၊ (၁၀) လက်ချောင်းခြေတော်ချောင်းများနှင့် အကြားကြား၊ (၁၁) တစ်ဆူ တစ်ဆူသော မွေးညင်းတော်၊ (၁၂) တစ်ခုတစ်ခုသော မွေးညင်းပေါက်လက် စသည့်(၁၂) ဌာနတို့မှ မီးလျှံရေလျှံအပြန်ပြန်ပြောင်းလဲဖူးတိုင်းဖူးတိုင်း အဆင်ကွဲစေလျက် ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်ကို အံ့ဖွယ်ဘနန်းရှုမခန်း ယမိုက်မီးအစုံကို စင်္ကြံထက်မှ ပြတော်မူလေသည်။ ထို့ပြင် သာကီနွယ်ဝင် ဆွေတော်မျိုးတော်၏ ဦးခေါင်းဖျားထက်သို့ ခြေမှုန်တော်များ ကြဲချသကဲ့သို့ ဖြစ်စေတော်မူကြလေသည်။

စာမျက်နှာ ၁၁ သို့ ❖



" ဤသို့ သာကီနွယ်ဆွေတော်မျိုးတော်တို့၏ မာန်မာနတက်ကြွသည်ကို ဘုရားရှင်သည် သိတော်မူသည်။ သူတို့၏မာနကိုချိုးနှိမ်ရန် ဖြစ်တော်မူသည်။ ထို့အပြင် ဘုရားရှင်တို့ ဂုဏ်သတ္တိကို ပြတော်မူရန် စိတ်အကြံဖြစ်တော်မူသည်။ ထို့ကြောင့် ဘုရားရှင်သည် ကောင်းကင်သို့ ပျံတက်၍ တန်ခိုးပြာဋိဟာ ရေမီးအစုံကို ပြတော်မူပြီး စကြံလျှောက်ခြင်းဖြင့် တရားဒေသနာကို ဟောကြားမည်ဟု အကြံဖြစ်တော်မူသည်။ ထိုအဖြစ်ကို သိသော နတ်ဗြဟ္မာအပေါင်းတို့သည် ဘုရားရှင်အား ကောင်းချီးကြွေးကြော် ဩဘာပေးကြ၊ ပူဇော်ကန်တော့ကြ "

# ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ကြီး၌ (၄၈) ကြိမ်မြောက် အသံမစဲပိဋကသုံးပုံရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ (၄၈) ကြိမ်မြောက် အသံမစဲပိဋကသုံးပုံ ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဓမ္မရောင်ခြည် ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက် လာကြသူများက သာကေတမြို့နယ် တိပိဋကာ လင်္ကာရကျောင်း ဦးစီးပဓာနနာယက၊ တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂသာမိထံမှ အနုမောဒနာ တရားနာယူကာ ပိဋကသုံးပုံရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကိုပိတ်သိမ်းခဲ့ပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ် နှစ်သစ်မင်္ဂလာ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ယနေ့တွင် ပုသိမ်မြို့ရှိ သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပရာ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ ညောင်ပင်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဧရာဝတီတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မရမ်းချိုကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတထံမှ ဩဝါဒကထာ နာကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်များက ပဋ္ဌာန်း ပစ္စယုဒ္ဒေသပါဠိကို ရွတ်ဖတ်ပူဇော်ကြကာ အလှည့်ကျပဋ္ဌာနဘာဏကဆရာတော်အား ပလ္လင်တော်မြတ်သို့ပင့်ဆောင်၍ ပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ပူဇော်ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၃၁**

တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်နှင့် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၊ ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့ သာသနာ့ဝေပုလ္လာရာမကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဝိမလ ဓမ္မနာဒ(ခတ်လယ်) ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကံသာယာကျေးရွာရှိ ကံသာယာထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေရှိ ရေငုံကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၁၀ မှ

ဤသို့ ဘုရားရှင်၏ တန်ခိုးတော်ကို အံ့ဩဖွယ် ရှုမြင်ရသော ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်ဘုရားရှင်အား ဤသို့ လျှောက်ထားလေသည်။ သူ၏ဆရာရသေ့ ကာဠုဒေဝီလကို အလောင်းတော်အား မွေးဖွားပြီး ငါးရက်မြောက်၌ လက်အုပ်ချီကန်တော့ရန် ပြုသောအခါ ဘုရားရှင်အလောင်းတော်သည် ရသေ့၏ဦးခေါင်းပေါ် ခြေချသည်ကို မြင်ရ၍ ပထမတစ်ကြိမ် ရှိခိုးဖူးမြော်ခဲ့ပါသည်။ လယ်ထွန်မင်္ဂလာပြုစဉ် အလောင်းတော်အား သပြေပင်အောက်၌ သိပ်ထားစဉ် သားတော် အာနာပါနကမ္မဋ္ဌာန်း ရှုသည်ကိုမြင်ရ၍ သပြေပင် အရိပ်ဟာ မရွေ့သည့်အတွက် ဒုတိယအကြိမ် ရှိခိုးဖူးမြော်ခဲ့သည်။ ထို့အပြင် ယခုအကြိမ်၌ ထူးဆန်းအံ့ဖွယ်များကို ဖူးမြင်ရ၍ ရှိခိုးပူဇော်ခဲ့သည်။ တတိယအကြိမ်ဖြစ်ကြောင်း လျှောက်ထားပါသည်။

ယင်းသို့အဖြစ်ကို သာကီနွယ်ဆွေတော်မျိုးတော်သည် မြင်ရပြီး သုဒ္ဓေါဒနမင်းကြီးကို မကျော်လွန်နိုင်၍ အားလုံး ဘုရားရှင်အား ရှိခိုးကန်တော့ကြလေသည်။ ဘုရားရှင်သည် စင်္ကြံဝဋ္ဋာတစ်သိုက်လုံး ဘုရားရှင်စင်္ကြံထက်၌ လူးလာခေါက်ပြန် စင်္ကြံလျှောက် တရားဒေသနာ ဟောကြားနေသည်ကို နတ်ဗြဟ္မာအပေါင်းတို့က ပန်းနံ့သာတို့ဖြင့် လာရောက်ကန်တော့ကြလေသည်။

ထိုအချိန်တွင် ဂိဇ္ဈကုဋ်တောင်၌ တပည့်ငါးရာဖြင့် သီတင်းသုံးနေသော အရှင်သာရိပုတ္တရာသည် ဘုရားရှင်တန်ခိုးပြသည်ကို သိမြင်တော်မူ၍။ ဘုရားထံသို့ ၎င်းတို့လာကြပြီး ဖူးမြော်ကန်တော့ကြလေသည်။ အရှင်မောဂ္ဂလာန်နှင့် အရှင်မဟာကဿပမထေရ်တို့သည်လည်း ကောင်းကင်၌ပင် ဘုရားရှင်အား ဖူးမြော်နေကြပါသည်။ ဘုရားရှင်သည် ရှင်သာရိပုတ္တရာအား ၎င်း၏ဂုဏ်ကျေးဇူးတော်ကို ကောင်းကင်၌ စင်္ကြံလျှောက်ခြင်းနှင့်အတူ ဟောကြားတော်မူလေသည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဘုရားဖြစ်ရန် ကျင့်ကြံအားထုတ်ခဲ့သော ပါရမီတော်တို့ကြောင့် အရဟတ္တမဂ်ဉာဏ်၌ အမြတ်ဆုံးဖြစ်သည်၊ ဒေသနာဉာဏ်တော်၌လည်း အမြတ်ဆုံးဖြစ်သည်၊ အချို့သော အရဟတ္တမဂ်ဉာဏ်ရသော သာဝကတို့ အရဟတ္တဖိုလ် အကျိုးသာရသည်။ အချို့သော အရဟတ္တမဂ်ရသော သူတို့သည် ဝိဇ္ဇာသုံးပါး အကျိုးကိုပေးသည်။ အချို့သော အရဟတ္တမဂ်ကိုရရှိသော သာဝကတို့သည် အဘိညာဉ် ခြောက်ပါးသာ အကျိုးပေးသည်။ အချို့သော အရဟတ္တမဂ်ဉာဏ်ရသော သာဝကတို့သည် ပဋိသမ္ဘိဒါ လေးပါးအကျိုးကို ရသည်။ အချို့သော အရဟတ္တမဂ်ဉာဏ်ရသော သာဝကတို့သည် သာဝကပါရမီဉာဏ်သာ ရရှိသည်။ ပစ္စေကဗုဒ္ဓါများ၏ အရဟတ္တမဂ်သည် ပစ္စေကဗောဓိဉာဏ်သာရရှိသည်။ ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်သည် ပြည့်စုံခြင်းဟူသော အကျိုးကိုပေးသည်။ အရဟတ္တမဂ်ကို ရရှိသည်နှင့်တစ်ပြိုင်နက် ဘုရားရှင်၏ ဂုဏ်ကျေးဇူးအလုံးစုံကို ပြည့်စုံရရှိပြီးဖြစ်သည် စသည်ဖြင့် ဘုရားရှင်က အကျယ်တဝင့် ဟောကြားတော်မူလေသည်။

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာညွှန်ကြားချက်(Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel Issue–2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၁၂-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်းခရီးသည်များမှတစ်ဆင့် ကိုဗစ်ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၁-၁-၂၀၂၂) ရက်နေ့၊ မြန်မာစံတော်ချိန်(၂၃:၅၉)နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃၁**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၁ ရက်မှစ၍ ဇန်နဝါရီ ၄ ရက်အထိ အားကစားနည်းခြောက်နည်းကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (Sports Complex)ရှိ သက်ဆိုင်ရာ အားကစားကွင်း/အားကစားရုံများတွင် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ကျင်းပလျက်ရှိသော လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်အဖြစ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

**ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက်ကျင်းပလျက်ရှိသော ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

**ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ**

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ဆက်လက်ကျင်းပလျက်ရှိသော ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပလျက်ရှိသော ဖူဆယ်(အမျိုးသား) ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂလိပ်စာသင်တန်းတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော ဝန်ထမ်းများ အင်္ဂလိပ်စာအရည်အသွေး ကောင်းမွန်ပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးသော အင်္ဂလိပ်စာသင်တန်းတွင် ဆုရရှိသူ သင်တန်းသား သင်တန်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုပြုဌာန(ဗဟန်း)တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်၊ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးရဲလင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး အင်္ဂလိပ်စာသင်တန်းနည်းပြ ဆရာကြီး ဦးခင်မောင်အေးက သင်တန်းဆင်း သုံးသပ်စကားပြောကြားရာတွင် သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုသင်တန်းတွင် မိမိတို့သင်ယူပြီးမြောက်ပြီးသော်လည်း ဆက်လက်သင်ယူကြိုးစားသင့်ကြောင်း၊ အင်္ဂလိပ်စာသည် အစဉ်သင်ယူလေ့ကျင့်ရမည့် ဘာသာရပ်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ဆုရသင်တန်းသား သင်တန်းသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား ပထမဆုရသင်တန်းသား ဦးမျိုးမောင်မောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၂ ရက်မှစ၍ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် ရုံးတက်ချိန်မထိခိုက်စေဘဲ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**



# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**ငပုတော ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကျပန်းစကားပြောပြိုင်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးစောဟင်နရီက ပြိုင်ပွဲများကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အမှတ်ပေးအကဲဖြတ်ဒိုင်ချုပ် ဦးပြည့်ဖြိုးအောင်က ပြိုင်ပွဲစည်းကမ်းချက်များကို ပြောကြားသည်။

**ချီးမြှင့်ပေးသွားမည်**

အဆိုပါပြိုင်ပွဲတွင် ငပုတောမြို့နယ်အတွင်းရှိ မြို့နယ်အဆင့် အခြေခံပညာအထက်တန်းကျောင်းများမှ ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူ ၂၃ ဦးတို့က "လွတ်လပ်ရေးနေ့တို့မမေ့"၊ "လွတ်လပ်ရေးသည်သာ တို့တာဝန်"၊ "လွတ်လပ်ရေးအမွေ ထိန်းသိမ်းစို့လေ" ခေါင်းစဉ်မှ စည်းကမ်းချက်များနှင့်အညီ အမှတ်ပေးခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ကြေညာပေးပြီးနောက် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ အချိန်တိုးမြှင့်ချမှတ်



**ဆိုးလ် ဒီဇင်ဘာ ၃၁**

တောင်ကိုရီးယားနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုအပါအဝင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများအား ထိန်းချုပ်နိုင်ရန်အတွက် လက်ရှိချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအား လာမည့် သီတင်းနှစ်ပတ်ကျော်အထိ အချိန်တိုးမြှင့်ချမှတ်လိုက်ကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၃၁ ရက်၌ ပြောကြားသည်။

ဇန်နဝါရီ ၁၆ ရက်အထိ အကျုံးဝင်မည့် အဆိုပါ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်း၌ လူလေးဦးအထက်ရှိ လူအုပ်စုများအား စုဝေးခွင့်ပိတ်ပင်ခြင်း၊ စားသောက်ဆိုင်များအပါအဝင် ကော်ဖီဆိုင်များနှင့် ဘားဆိုင်များအား ည ၉ နာရီ၌ ဆိုင်ပိတ်စေခြင်းနှင့် ရုပ်ရှင်ရုံများနှင့် အင်တာနက်ကဖေးများအား ည ၁၀ နာရီတွင် ဆိုင်ပိတ်ရန် သတ်မှတ်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။ ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအား အချိန်ကာလ တိုးမြှင့်သတ်မှတ်လိုက်ခြင်းသည် နိုင်ငံအတွင်း လက်ရှိအချိန်၌ကူးစက်ပျံ့နှံ့နေသော အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်အား ထိန်းချုပ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်းအား အရှိန်အဟုန်မြှင့်နိုင်စေရန်နှင့်လိုအပ်သော ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို ပြင်ဆင်ဆောင်ရွက်နိုင်စေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် ကင်ဘိုကျန်က ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအား ယခင်က ဖြေလျှော့ခဲ့သော်လည်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်မြင့်မားလာသဖြင့် အဆိုပါစည်းမျဉ်းများအား ဒီဇင်ဘာ ၁၈ ရက်မှ စတင်၍ ပြန်လည်ချမှတ်ခဲ့သည်။

**နှစ်ကြိမ်ထိုးနှံပြီးဖြစ်**

နိုင်ငံအတွင်း လက်ရှိအချိန်၌ အသက် ၁၂ နှစ်နှင့်အထက်ရှိ လူဦးရေ၏ ၉၁ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီး ဖြစ်သည်။ မကြာမီကာလ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်သည် နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့မှု ထိပ်တန်းအဆင့်သို့ ရောက်ရှိလာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီး ကွမ်ဒေါက်ချိုကပြောကြားသည်။

ပြီးခဲ့သည့်သီတင်းနှစ်ပတ်အတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၀၀၀ ခန့်ရှိခဲ့ရာမှ ဒီဇင်ဘာ ၃၀ ရက်၌ ၄၈၇၅ ဦးအထိ ကျဆင်းလာကြောင်း တောင်ကိုရီးယား ရောဂါကာကွယ်ထိန်းချုပ်ရေးအေဂျင်စီက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၃၀၈၃၈ ဦးရှိပြီး အဆိုပါရောဂါကြောင့်သေဆုံးသူ ၅၅၃၆ ဦးရှိကာ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၈၉၄ ဦး ရှိသည်။ **ကိုးကား-စီအင်န်အေ**

**ဘာသာပြန်-စိုးသူရ**

## ဗီယက်နမ်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၅ ဦးအထိရှိလာ

**ဟနွိုင်း ဒီဇင်ဘာ ၃၁**

ဗီယက်နမ်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၄ ဦးအား ထပ်မံစစ်ဆေးတွေ့ရှိခဲ့သဖြင့် နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၅ ဦးအထိရှိလာကြောင်း ကျန်းမာရေး တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

**ကျန်းမာရေးအခြေအနေကောင်းမွန်**

ယခု အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူများမှာ မကြာသေးမီအချိန်က တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံများမှ ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကွမ်နင်းပြည်နယ်သို့ ပြန်လည်ရောက်ရှိလာသော ဗီယက်နမ်နိုင်ငံသားများ ဖြစ်ကြသည်။ လက်ရှိအချိန်၌ ၎င်းတို့အား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားစောင့်ကြည့်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်းသိရသည်။

နိုင်ငံအတွင်း ပထမဆုံး အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူတစ်ဦးကို ဒီဇင်ဘာ ၂၈ ရက်က မြို့တော်ဟနွိုင်း၌ စတင်တွေ့ရှိခဲ့ပြီး ၎င်းသည် လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားစောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း သိရသည်။ ၎င်းသည် ဗြိတိန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူတစ်ဦး ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများကြောင့် နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၁၄၇၄၂ ဦးရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



## မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၉၇ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၃၁**

မလေးရှားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၉၇ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၅၄၅၁၃ ဦးရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ယခု ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၆၆ ဦးမှာ ပြည်ပမှပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၃၆၃၁ ဦးမှာ ပြည်တွင်း၌ ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၃၄ ဦးထပ်မံသေဆုံးသဖြင့် သေဆုံးသူ ၃၁၄၆၂ ဦး ရှိလာသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၄၉၉၆၇ ဦးရှိသည့်အနက် ၂၈၁ ဦးမှာ အထူးကြပ်မတ်ကုသဆောင်များ၌ ကုသမှုခံယူနေပြီး ၁၅၅ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးစီးခဲ့ပြီး ၇၈ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးခဲ့ကာ ၁၉ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။ မြို့တော်ကွာလာလမ်ပူရှိ အထင်ကရ လူစည်ကားသောနေရာများတွင် ယခုနှစ် နှစ်သစ်ကူးည အခမ်းအနားများကျင်းပရာ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းနှင့်အညီ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းကို တားမြစ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။ ထို့ပြင် ဒီဇင်ဘာ ၃၁ ရက်ည၌ အဆိုပါနေရာများသို့ ချမှတ်ထားသောစည်းမျဉ်းအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးသွားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ တစ်ဦးဖြစ်သည့် နော်ဒါဟန်ယာဟာယာက ပြောကြားသည်။ နိုင်ငံသားများသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအား လိုက်နာဆောင်ရွက်ရန် တာဝန်ရှိကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

## အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၇၆၄ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဒီဇင်ဘာ ၃၁**

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၇၆၄ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၄၈၃၈၈၀၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောအချက်အလက်များအရ သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၂၀ ထပ်မံသေဆုံးခဲ့သဖြင့် သေဆုံးသူ ၄၈၁၀၈၀ ရှိလာခဲ့သည်။

ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၈၉၅၉ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ရောဂါပိုးတွေ့ရှိဆဲလူနာ ၉၁၃၆၁ ဦး ရှိလာပြီး ၇၅၈၅ ဦးမှာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာပြီး ဆေးရုံမှဆင်းသွားသဖြင့် ပြန်လည်သက်သာလာသူ ၃၄၂၆၃၆၃ ဦး ရှိလာသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၂၇၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
| --- | --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၈၇၀၀၈၆၄၇ ဦး |
| သေဆုံးသူ | ၅၄၄၈၉၃၄ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၅၃၃၅၆၀၃၉ ဦး |

## အင်းစိန်မြို့နယ် လှိုင်မြစ်လမ်း အင်းစိန်ခုံးကျော်တံတားပေါ်တွင် လုယက်မှုဖြစ်စဉ်မှ တရားခံများ ဖမ်းဆီးရမိမှု အခြေပြဇယား




❖ **အင်းစိန်မြို့နယ်မှ**

ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ဒီဇင်ဘာ ၃၀ ရက်တွင် သထုံမြို့အဝင် စစ်ဆေးရေးဂိတ်၌ **ကုလား(ခ)ဝင်းနိုင်ဦး** ၄၀ နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ ညနေပိုင်းတွင် ဖြူးမြို့နယ် စိုက်တန်းခင်ကျေးရွာ၌ ၎င်း၏ ဇနီးဖြစ်သူ **သင်းသင်းဝါ** ၃၆ နှစ်ကို လည်းကောင်း၊ မုတ္တမမြို့ အောင်ပင်လယ်ရပ်ကွက်၌ ၎င်း၏ ညီမဖြစ်သူ **တင်တင်မိုး** ၃၃ နှစ်ကို ရွှေလက်စွပ် ၄၁ ကွင်း၊ ရွှေလက်ကောက် ၁၁ ကွင်း၊ ရွှေဟန်းချိန်း ရှစ်ခု၊ ပုလဲ/ ရွှေဟန်းချိန်း တစ်ခု၊ ကျောက်စိမ်း/ ရွှေဟန်းချိန်း တစ်ခု၊ ရွှေလော့ကတ်သီး ၇၆ ခု၊ ရွှေဆွဲကြိုး ၁၉ ကုံး၊ နားကပ်တစ်ရန်၊ ငွေစက္ကူရောရာ သိန်း ၁၇၀ တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

**လုယက်ခဲ့**

တရားခံ **ကုလား(ခ)ဝင်းနိုင်ဦး** ၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁၉ ရက်တွင် **နေဇော်၊ ဇော်လင်း၊ မှတ်ကြီး၊ ချိုဦး**တို့သည် Probox အဖြူရောင်ယာဉ်ဖြင့် ၎င်းထံ ရောက်ရှိလာပြီး အင်းစိန်ခုံးတံတားပေါ်တွင် ရွှေထည်ပစ္စည်းများသယ်ဆောင်လာသည့် ယာဉ်တစ်စီးအား လုယက်ရန် အစီအစဉ်ရှိကြောင်းနှင့် အကျိုးအမြတ်အား ရရှိသည့်အခြေအနေအပေါ် မူတည်၍ ခွဲဝေပေးမည်ဖြစ်ကြောင်း ပြောကြားရာ သဘောတူလက်ခံခဲ့ပြီး အင်းစိန်ခုံးတံတားအလယ်သို့ သွားရောက်၍ ကြိုတင်စောင့်ဆိုင်းခဲ့ကာ အင်းစိန်မြို့နယ်ဘက်မှ လှိုင်သာယာမြို့နယ်ဘက်သို့ မောင်းနှင်လာသည့် ယာဉ်ပေါ်မှ ရွှေထည်ပစ္စည်းများ လုယက်ခဲ့ကြောင်းနှင့် **နေဇော်**က ရွှေထည်ပစ္စည်းအချို့ကို ၎င်းထံ ခွဲဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**သွားရောက်တိမ်းရှောင်**

တရားခံ **ကုလား(ခ)ဝင်းနိုင်ဦး** ၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၂၀ ရက်တွင် ဇနီးဖြစ်သူ **သင်းသင်းဝါ**နှင့်အတူ မုတ္တမမြို့ရှိ ညီမဖြစ်သူ **တင်တင်မိုး**ထံ သွားရောက်တိမ်းရှောင်ခဲ့ကြောင်း၊ ခွဲဝေရရှိသော ရွှေထည်ပစ္စည်းအချို့အား ဇနီးဖြစ်သူနှင့်အတူ မော်လမြိုင်မြို့ မြိုင်ရတနာလေးထပ်ဈေးအပေါ်ထပ်၌ သွားရောက်ရောင်းချခဲ့ရာ ငွေကျပ် ၁၇၅ သိန်းခန့် ရရှိခဲ့ကြောင်းနှင့် ရရှိသော ငွေကြေး၊ ရွှေထည်ပစ္စည်းများကို ညီမဖြစ်သူ **တင်တင်မိုး**ထံ အပ်နှံထားရှိကာ ဇနီး၏ မိတ်ဆွေဖြစ်သူ နေထိုင်သည့် ကညွတ်ကွင်းမြို့သို့ သွားရောက်တိမ်းရှောင် နေထိုင်ခဲ့ကြောင်းနှင့် ညီမဖြစ်သူ **တင်တင်မိုး** ထံ အပ်နှံထားသည့် ရွှေထည်ပစ္စည်းနှင့် ငွေသားများ ယူဆောင်ရန် ထွက်ခွာလာစဉ် ဒီဇင်ဘာ ၃၀ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခံရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများ အမြန်ဆုံး ဖမ်းဆီးရမိရေး ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သိရသည်။

သတင်းစဉ်

## မော်လမြိုင်ခရိုင် ပြည်သူများအသိပညာတိုးပွားစေရေး မိုဘိုင်းစာကြည့်တိုက်ကွင်းဆင်းပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးဆောင်ရွက်

မော်လမြိုင် ဒီဇင်ဘာ ၃၁

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပြင်းထန်သည့် ကာလအတွင်း ခေတ္တရပ်ဆိုင်းထားရသည့် မိုဘိုင်းစာကြည့်တိုက်စာငှားစနစ်ဖြင့် ဆောင်ရွက်ပေးခြင်းကို မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ယမန်နေ့နံနက်ပိုင်းက စတင်ကာ ပြည်နယ်အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)သင်တန်းကျောင်းနှင့် စက်မှုကြီးကြပ်ရေးဦးစီးဌာနရုံးတို့တွင် စာအုပ်၊ စာစောင်များ ငှားရမ်းခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ပေးရာတွင် စာငှား၊ စာဖတ်ပရိသတ်များ စိတ်ဝင်စားပြီး ဗဟုသုတများစွာ ရစေမည့် သုတ၊ ရသစာအုပ်များအား ငှားရမ်းပေးခဲ့ပြီး အလားတူ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ အသိပညာပေး ဗီနိုင်းချိတ်ဆွဲခြင်းနှင့် အသံချဲ့စက်ဖြင့် နှိုးဆော်ပေးခြင်းကို ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မိုဘိုင်းစာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေး နံရံကပ်စာစောင်များပြသပေးခြင်းသည် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ရုံးစာကြည့်တိုက်သို့ လာရောက်မဖတ်ရှုနိုင်သူများအတွက် စာအုပ်၊ စာပေ နှင့် စဉ်ဆက်မပြတ်ထိတွေ့နေစေရန်နှင့် စာပေမှရရှိသည့် အသိပညာများ ပြန်လည်မျှဝေပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)



## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃၁-၁၂-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection - Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 2 | Injection - Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 3 | Injection - Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 4 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 5 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 6 | Injection- Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 7 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 8 | Injection - Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 9 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 10 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

















အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှ

CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မြို့ကြီးအချို့တွင် အကြမ်းဖက်လုပ်ရပ်များနှင့် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ သတ်ဖြတ်မှုများ ပြုလုပ်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မန္တလေးမြို့နှင့်စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ် အပါအဝင် အထက်မြန်မာပြည်မြို့ကြီးအချို့တို့တွင် ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားများနှင့် လက်နက်/ခဲယမ်းများသည် KIA အဖွဲ့နှင့် TNLA အဖွဲ့များဖြင့် ဆက်နွှယ်ပတ်သက်မှုများရှိကြောင်းတွေ့ရှိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မှ ယနေ့အထိ မြို့ကြီးအချို့တွင် အကြမ်းဖက်မှု ၃၇၅၁ ကြိမ်ရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ရမှုအနေဖြင့် အကြမ်းဖက်သူ ၁၄၉၂ ဦး၊ လက်နက်မျိုးစုံ ၁၃၃ လက်၊ ခဲယမ်းမျိုးစုံ ၁၆၉၃ တောင့်၊ လက်ပစ်ဗုံး ၂၈ လုံး၊ လက်လုပ်မိုင်း ၂၁၇ လုံးနှင့် အခြားဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုများမရှိစေရေးအတွက် ရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သူ ၉၉၅၈ ဦး၊ လက်နက်မျိုးစုံ ၃၄၁၇ လက်၊ ခဲယမ်းမျိုးစုံ ၁၆၁၅၀၀ တောင့်၊ လက်ပစ်ဗုံး ၆၄၇ လုံး၊ လက်လုပ်မိုင်း ၆၈၉၅ လုံးနှင့် အခြားဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို အချိန်မီဖော်ထုတ် တားဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ယနေ့အထိ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိမှုအနေဖြင့် မန္တလေးမြို့တွင် ၃ ကြိမ်၊ တရားခံ ၆ ဦးနှင့်အတူ Type 81 သေနတ် ၂၀၀ လက်၊ Type 81 စက်သေနတ် ၂၀ လက်၊ K 2 – 5 သေနတ် ၄ လက်၊ M–79 ဗုံးပစ်လောင်ချာ ၁ လက်တို့အား လည်းကောင်း၊ မုံရွာမြို့တွင် ၁ ကြိမ်၊ တရားခံ ၈ ဦးနှင့်အတူ 779 PADING III – S ၄၀ မမ ဗုံးပစ်လောင်ချာ ၁ လက်တို့အား လည်းကောင်း ဖမ်းဆီးရရှိခဲ့ပြီး မန္တလေးမြို့နှင့် အထက်မြန်မာပြည် မြို့ကြီးအချို့မှ ဖမ်းဆီးရရှိမှု စုစုပေါင်း ၁၇ ကြိမ်၊ တရားခံ ၂၀၉ ဦးတို့နှင့်အတူ M–16 သေနတ် ၃ လက်၊ AK–47 သေနတ် ၅ လက်၊ M–22 သေနတ် ၄၀ လက်၊ ပစ္စတိုသေနတ် ၁၇ လက်၊ K–22 သေနတ် ၆၁ လက်၊ K–12 သေနတ် ၄ လက်၊ KA သေနတ် ၄ လက်၊ KO–3 သေနတ် ၁ လက်၊ KA လောင်ချာ ၂ လက်၊ K 2–5 သေနတ် အရှည် ၇၉ လက်၊ K 2–5 ခေါက်ဒင်သေနတ် ၃၆ လက်၊ Type–81 သေနတ် ၂၂၀ လက်၊ Type–81 စက်သေနတ် ၂၀ လက်၊ M–79 LL ၄၀ မမဗုံးပစ်လောင်ချာ ၄၄ လက်၊ 779 PADING III –S ၄၀ မမ ဗုံးပစ်လောင်ချာ ၁၂ လက်အပါအဝင်

**စာမျက်နှာ ၁၇ သို့** ✻










အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။




❋ စာမျက်နှာ ၁၆ မှ

အခြားလက်နက်ငယ်မျိုးစုံ ၅၄၉ လက်တို့အားလည်းကောင်း ဖမ်းဆီးနိုင်ခဲ့သည်။

**KIA အဖွဲ့မှထုတ်လုပ်သည့် လက်နက်/ခဲယမ်းများဖြစ်**

ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားများအား စစ်ဆေးဖော်ထုတ်ချက်အရ KIA အဖွဲ့တွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူ ၄၃ ဦး၊ TNLA အဖွဲ့တွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူ ၃၇ ဦး တွေ့ရှိရပြီး ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများကို စိစစ်ရာ Type-81 ရိုင်ဖယ်သေနတ် ၂၂၀ လက်၊ K2-5 သေနတ် အရှည် ၇၉ လက်၊ K-22 သေနတ် ၆၁ လက်၊ K2-5 ခေါက်ဒင်သေနတ် ၃၆ လက်၊ Type-81 စက်သေနတ် ၂၀ လက်၊ K-12 သေနတ် ၄ လက်၊ KA သေနတ် ၄ လက်၊ KO-3 သေနတ် ၁ လက်၊ KA လောင်ချာ ၂ လက်၊ လက်ပစ်ဗုံး ၇၅၉ လုံးတို့မှာ KIA အဖွဲ့မှထုတ်လုပ်သည့် လက်နက်/ခဲယမ်းများဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်း ထာဝရ ငြိမ်းချမ်းရေးရရှိရန်အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် NCA သဘောတူညီချက်ပါအချက်များကို တိကျစွာလေးစားလိုက်နာဆောင်ရွက်လျက်ရှိသည့်အပြင် **"နိုင်ငံတော်နှင့် ပြည်သူတို့လိုအပ်လျက်ရှိသည့် ထာဝရ ငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရာတွင် တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း တိကျစွာလိုက်နာသွားမည်"** ဟူသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မူဝါဒနှင့်အညီ တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးကို ဦးစားပေးလုပ်ငန်းအဖြစ်ထားရှိ၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်တို့ကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူမှုစီးပွားထိခိုက်မှုနှင့်အတူ စိတ်နှလုံးထိခိုက်ခံစားနေရသောကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA အား လက်မှတ်ရေးထိုးထားသည်ဖြစ်စေ၊ လက်မှတ်ရေးထိုးရန် ညှိနှိုင်းဆွေးနွေးဆဲအခြေအနေတွင်ဖြစ်စေ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်အတွက် ထိခိုက်စေသောလုပ်ရပ်များအား ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရပ်တန့်ကြရန် တိုက်တွန်းပါသည်။ နိုင်ငံတော်နှင့် ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝပျက်စီးစေသည့် မည်သည့်လုပ်ရပ်မဆို ထပ်မံလုပ်ဆောင်လာပါက တပ်မတော်အနေဖြင့် လိုအပ်သောလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် နွေစပါးဧက သုံးသိန်းကျော်စိုက်ပျိုးရန် လျာထား

**စစ်ကိုင်း ဒီဇင်ဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေစပါးဧက သုံးသိန်းကျော်စိုက်ပျိုးသွားရန် လျာထားကြောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နွေစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ တစ်ဧကလျှင် တင်း ၁၂၀ ထွက်ရှိရေးအတွက် သင်တန်းပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူနည်းပညာပေးခြင်း၊ မျိုးစပါးနှင့်ပတ်သက်၍ ချိတ်ဆက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေစပါးက ဧကသုံးသိန်းကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ နွေစပါးစိုက်ပျိုးမှုအများဆုံးကတော့ ရွှေဘိုခရိုင်ပါ၊ ရွှေဘိုခရိုင်မှာက သဖန်းဆိပ်ဆည်ရေနဲ့စိုက်မယ့် ဧရိယာက ဧက ၂၈၀၀၀၀ လောက်အထိ ရှိတယ်။ နွေစပါးကို ဆည်ရေ၊ မြစ်ရေတင်တွေနဲ့ စိုက်ပျိုးသွားမှာပါ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဆည်ကန်တွေရေလှောင်နိုင်ရင် နွေစပါးစိုက်နိုင်တယ်။ ဆည်ကန်တွေက မိုးမှာ မိုးနည်းပြီးတော့ ရေဝင်အားနည်းရင်၊ ဆည်ကန်တွေမှာ ရေမလှောင်နိုင်ရင် နွေစပါးမစိုက်နိုင်ပါဘူး။ သဖန်းဆိပ်ဆည်ရေမလုံလောက်တာကြောင့် နှစ်နှစ်မစိုက်နိုင်ခဲ့ဘူး။ အဲဒီအချိန်က နွေစပါးဧက ၇၀၀၀၀ လောက်ပဲ စိုက်နိုင်ခဲ့တာပါ" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောသည်။

၂၀၂၁-၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေစပါးစိုက်ပျိုးမှုအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ကသာခရိုင် ကသာမြို့နယ်တွင် နွေစပါး ၇၉၂ ဧက၊ ကောလင်းခရိုင် ကောလင်းမြို့နယ်တွင် ၆၉ ဧကနှင့် ဝန်းသိုမြို့နယ်တွင် ၂၆ ဧက စုစုပေါင်း ၈၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။



**လူလေး**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ် စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည် ဖြစ်ပါသည်။

# ငယ်ကျွမ်း

**သိပ္ပံမောင်ဝ**

ဤအချိန်ကား တိတ်ဆိတ်သော သန်းခေါင်ကျော်အချိန်ဖြစ်၏။ သန်းခေါင်ကျော်ဖြစ်သော်လည်း လပြည့်ကျော်တစ်ရက်နေ့ညဖြစ်သောကြောင့် ကြောက်စရာမကောင်း၊ ကြည်နူးဖွယ်ရာကောင်းလျက်နေလေတော့သည်။ လမင်းမှာကား မိမိအရှိန်အဝါရှိသလောက် အစွမ်းကုန်လွှတ်၍ ကြဲနေပေ၏။ သို့သော် ၎င်း၏အရောင်မှာ မောင်လူအေးတို့အိမ်ရှေ့ဝင်းအတွင်း၌ ပေါက်၍နေသော ပိတောက်ကိုင်း၊ ပိတောက်ရွက်တို့ကိုမူကား ထိုးဖောက်ကာ မသာနိုင်ရှာပေ။ ထိုပိတောက်ပင်ကြီးအောက်တွင်ကား မှောင်လျက်နေပေသည်။ သို့ပင်မှောင်နေစေကာမူ ဘေးပတ်လည်တွင် လင်းနေသောကြောင့် သာယာသောညကို အနှောင့်အယှက်မပေး သာ၍ပင်သာယာစေသေး၏။ ထိုပိတောက်ပင်အောက်ရှိ ခုံရှည်ကလေးပေါ်တွင် ထိုင်နေသော မောင်လူအေး၏စိတ်ထဲတွင်ကား သာယာ၍မဆုံးနိုင်၊ ကြည်နူး၍မဆုံးနိုင်။ ဤမျှ သာယာသောညကို မည်သူမျှမနှောင့်ယှက်နိုင်ပါစေနှင့် ဆုတောင်းမိပေ၏။ ၎င်းအနီးအနားတစ်ဝိုက်တွင် တိတ်လျက်နေပေ၏။ ဤသို့တိတ်လျက်နေခြင်းသည်လျှင် သာယာသောထိုညအား ကူညီလျက်နေလေတော့သည်။

မောင်လူအေးကား ခုံရှည်ကလေးပေါ်တွင် ထိုင်ကာ စီးကရက်တစ်လိပ်ပြီးလျှင်တစ်လိပ်ဖွာ၍နေသည်မှာ နာရီဝက်ပင်ကြာလေပြီ။ ဆေးလိပ်တွင် စိတ်ရောက်နေပုံမပေါ်၊ လမင်းကိုမော်ကြည့်ကာ မေးစေ့ကိုသပ်လျက်နေ၏။ လမင်းနှင့် မေးစေ့တို့တွင်လည်း စိတ်ရောက်နေပုံမပေါ်၊ မည်သည့်အရာကို တွေးတော၍နေပါသနည်း။ သက်မကြီးများကိုပင် တစ်ခါတစ်ခါချ၊ ဧကန္တ ဝမ်းနည်းစရာ၊ စိတ်ပျက်စရာအကြောင်းတစ်ခုခုကို စဉ်းစားနေပေလိမ့်မည်။

ရုံးပိတ်ရက်အတွင်း မိမိငယ်ငယ်ကတည်းက နေထိုင်ခဲ့သောအိမ်သို့ပြန်လာသည်မှာ တစ်ရက်သာရှိသေး၏။ ထိုအိမ်နှင့်ကွဲကွာနေသည်မှာလည်း ခုနစ်နှစ်ခန့်ပင် ကြာခဲ့လေပြီ။ မိမိထိုင်နေရာ ခုံရှည်ကလေးနှင့်ကွဲနေသည်မှာလည်း ထိုမျှပင်ကြာလေပြီ။ ဤသို့သော သာယာသည့်ည၊ နှစ်ပေါင်းများစွာကွဲကွာနေရသောဌာနတွင် မောင်လူအေးမှာ မိမိငယ်ငယ်တုန်းကအကြောင်းများကို စဉ်းစားနေရာ၏။ မလွဲပါ။ အမှန်ပင်ဖြစ်ပါသည်။ ၎င်း၏စဉ်းစားချက်သည် စာဖတ်သူတို့နှင့် မည်သို့မျှမသက်ဆိုင်ပါ။ သို့သော် အချို့က သိချင်ကောင်းသိချင်ကြပါလိမ့်မည်။ ထိုသိချင်သူတို့အဖို့ အောက်တွင်ဖော်ပြလိုက်ပါ၏။

လသာသာ သန်းခေါင်ကျော်သည့်တိုင်အောင် မိမိ၏ငယ်ကျွမ်း မောင်စာနှင့် ထိုင်ခုံရှည်ကလေးပေါ်တွင်ထိုင်ကာ စကားပြောခဲ့သောအကြိမ်ပေါင်းမှာ မရေတွက်နိုင်ပြီ။ မောင်လူအေးသတိမရဘဲ မနေနိုင်။ သတိရရှာပေ၏။ ထိုသို့ ပျော်ရွှင်စွာ မိတ်ဆွေနှစ်ယောက် ညဥ့်နက်သန်းခေါင် စကားပြောကြားခဲ့ကြသောအခါကား ကြာလေပြီ။ နှစ်ပေါင်းဆယ်နှစ်ထက်မနည်း၊ သို့သော် မောင်လူအေး၏စိတ်ထဲတွင်ကား မနေ့တစ်နေ့ကပင်ဟု ထင်မှတ်မိပေ၏။

မောင်စာကား မိတဆိုး၊ ဖတဆိုးကလေးဖြစ်၏။ မိမိအသက်ခြောက်နှစ်ခန့်ကပင် မိဘနှစ်ပါးမှာ ပလိပ်ရောဂါကို အခွန်ဆပ်လိုက်ကြရပေ၏။ မောင်ပါမှာ ဦးလေးအိမ်သို့ ပြောင်းရွှေ့ကာ နေထိုင်ရရှာ၏။ ညီကလေးနှစ်ယောက်တို့လည်း မိမိနှင့်အတူတူပင်။ မောင်ပါတို့၏ ဦးလေးအိမ်နှင့် မောင်လူအေးတို့အိမ်မှာ သုံးအိမ်မျှသာခြားလေသည်။ မောင်လူအေးနှင့် မောင်စာတို့မှာ ကစားဖက်ဖြစ်ကြ၏။ မြန်မာကျောင်းတွင် တစ်တန်းတည်းသားဖြစ်ကြ၏။ အင်္ဂလိပ်ကျောင်းသို့ ပြောင်းကြသောအခါမှာလည်း တစ်တန်းတည်းသားဖြစ်ကြလေသည်။

၎င်းတို့နှစ်ယောက်မှာ ကစားဖက်၊ စကားများဖက်၊ တိုင်ပင်ဖော်တိုင်ပင်ဖက်များပေတည်း။ မောင်စာမှာ အငြင်းသန်သူဖြစ်သောကြောင့် တစ်ယောက်နှင့်တစ်ယောက် မကြာမကြာစိတ်ဆိုးကြရ၏။ သို့သော် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ တစ်ရက်မျှမနေနိုင်ကြချေ။ တစ်ယောက်ယောက်က စ၍ခေါ်ရမည်သာ။ တစ်ယောက်က အဖြူဆိုလျှင် တစ်ယောက်က အမည်းဘက်မှနေ၍ ငြင်းလေ့ရှိ၏။ ဤသို့သောသူနှစ်ယောက်အတူတူပေါင်းသင်းကာ နေနိုင်ကြသည်မှာ အံ့ဩစရာ။ သို့ပင် အံ့ဩစရာဖြစ်သော်လည်း တစ်ယောက်နှင့်တစ်ယောက် အမြဲခင်မင်သော မိတ်ဆွေများဖြစ်ကြလေသည်။

> **လသာသာ သန်းခေါင်ကျော်သည့်တိုင်အောင် မိမိ၏ငယ်ကျွမ်း မောင်စာနှင့် ထိုင်ခုံရှည်ကလေးပေါ်တွင် ထိုင်ကာ စကားပြောခဲ့သောအကြိမ်ပေါင်းမှာ မရေတွက်နိုင်ပြီ။ မောင်လူအေးသတိမရဘဲ မနေနိုင်။ သတိရရှာပေ၏။ ထိုသို့ ပျော်ရွှင်စွာ မိတ်ဆွေနှစ်ယောက် ညဥ့်နက်သန်းခေါင် စကားပြောကြားခဲ့ကြသောအခါကား ကြာလေပြီ။ နှစ်ပေါင်းဆယ်နှစ်ထက်မနည်း၊ သို့သော် မောင်လူအေး၏စိတ်ထဲတွင်ကား မနေ့တစ်နေ့ကပင်ဟု ထင်မှတ်မိပေ၏**

မောင်စာ အင်္ဂလိပ်စာငါးတန်းသို့ရောက်သောအခါ ၎င်းတို့ညီအစ်ကိုအား ငယ်ငယ်ကလေးကပင် ကြည့်ရှုစောင့်ရှောက်လာသောဦးလေးမှာ သေဆုံးပြန်လေသည်။ မောင်စာတို့ ညီအစ်ကိုသုံးယောက်မှာ ယူကျုံးမရဖြစ်ကြရရှာလေပြီ။ ညီကလေးနှစ်ယောက်အနက် တစ်ယောက်မှာ လေးတန်း၊ တစ်ယောက်ကား သုံးတန်းမျှသာ ရောက်ကြသေး၏။

မှီခိုအားထားရာကြီးဖြစ်သော ဦးလေး သေဆုံးပြီးသည့်နောက် အဒေါ်မုဆိုးမတစ်ယောက်အိမ်၌ သွားရောက်နေထိုင်ကြရရှာ၏။ အဒေါ်မှာလည်း မုဆိုးမဖြစ်သောကြောင့် ဘူးသီးကြော်၊ ငါးပေါင်းကြော်များကို ကြော်ကာရောင်း၍ တူသုံးယောက်တို့အား ကျောင်းစရိတ်ထောက်ရှာပေ၏။ ညီအငယ်ဆုံးမှာ ကျောင်းမသွားမီ နံနက်စောစောတွင် ဘူးသီးကြော်၊ ငါးပေါင်းကြော်များကို လှည့်၍ရောင်းရရှာ၏။ ညီအလတ်မှာ ထမင်းချက်ရရှာ၏။ မောင်စာကား အိမ်တွင် သိမ်းစရာရှိသည်ကိုသိမ်း။ စီမံစရာရှိသည်ကို စီမံရရှာလေသည်။

ဈေးရောင်း၍ ရသောငွေနှင့် ကျောင်းစရိတ်မကာမိသောကြောင့် အဒေါ်မုဆိုးမ၌ ရှိသမျှသော ပစ္စည်းများ တစ်စတစ်စနည်းပါး၍သာလာလေတော့၏။ မောင်စာ ခုနစ်တန်းသို့ရောက်သောအခါ ပစ္စည်းများ ဘာမျှမကျန်တော့ချေ။ မောင်စာလည်း ညီအစ်ကို၊ ဆွေမျိုးတို့အပေါ်တွင် ညှာတာထောက်ထားသောသူဖြစ်လေရကား ကျောင်းမှထွက်ကာ စာရေးအလုပ်ကိုလုပ်၍ ညီငယ်များအား ထောက်ပံ့ရှာ၏။

မောင်လူအေးမှာ မောင်စာအတွက် စိတ်ဆင်းရဲခြင်းကြီးမက စိတ်ဆင်းရဲ၍နေသော်လည်း မည်သို့မျှ မတတ်နိုင်။ အသာကြည့်၍နေရ၏။ မောင်စာ ကျောင်းထွက်ပြီးနောက် မောင်လူအေးနှင့် ရှေးကအတိုင်း ပူးတွဲနှင့်သာနေကြ၏။ သွားအတူတူ၊ လာအတူတူ ငြင်းခုံခြင်းလည်း ရှေးကအတိုင်းပင်။ တစ်ယောက်က တိုင်ပင်လျှင် တစ်ယောက်က အကြံပေး၏။ တစ်ယောက်က အကူအညီလိုလျှင် တစ်ယောက်က ပေး၏။ တစ်ယောက်ဝမ်းသာလျှင် တစ်ယောက်လည်းထို့အတူ။ တစ်ယောက်စိတ်ညစ်လျှင် တစ်ယောက်လည်းထိုနည်းတူ။

မောင်စာ အလုပ်ဝင်နေသည်မှာ သုံးနှစ်ပင်ကျော်ခဲ့လေပြီ။ မောင်လူအေးကား ဆယ်တန်းအောင်မြင်ပြီးနောက် ကောလိပ်ကျောင်းသို့ပင် ရောက်နေလေပြီး တစ်ယောက်နှင့်တစ်ယောက် စာပေးစာယူလုပ်ကြ၏။ မောင်လူအေး သီတင်းကျွတ်ကျောင်းပိတ်၍ ပြန်လာသောအခါ မောင်စာ၌ အဆုတ်ရောဂါစွဲကပ်နေကြောင်းကို သိရ၏။ မောင်စာကမူကား အရေးမကြီးဟုပြောလေသည်။

မောင်လူအေး စိုးရိမ်သောကြောင့် ဆေးနည်းများကို စုံစမ်း၍ပေး၏။ ကျောင်းပိတ်ရက်အတွင်း ၎င်းတို့နှစ်ယောက်မှာ အမြဲပင် ပူးတွဲပူးတွဲနှင့် နေကြ၏။ မောင်လူအေး၏အိမ်၌ မောင်စာကို မတွေ့လျှင် မောင်စာ၏အိမ်တွင် မောင်လူအေးကို မြင်ရပေလိမ့်မည်။ ကျောင်းဖွင့်သောအခါ မောင်လူအေး ကျောင်းသို့ပြန်လေတော့၏။

မောင်စာမှာ လခကနည်း၊ ညီလေးတို့အား ကျောင်းထားရသောစရိတ်က ကြီးသောကြောင့် စိတ်ညစ်နေရသည့်အထဲတွင် ရောဂါကလည်း တစ်နေ့ထက်တစ်နေ့ တိုး၍လာခဲ့၏။ ဆေးဝါးစားသောက်ရန် ခွင့်ယူလိုပါလည်း မိမိနေရာ၌ လူသစ်များကို ထားလိုက်မည်စိုး။ ဆရာသမားခေါ်ရမှာကလည်း ကြေးငွေမရှိ။ အလုပ်ကို သာလျှင်ဖိ၍လုပ်၏။ အလုပ်ကြိုးစားလေ ရောဂါတိုးလေ။

ညီလေးများအား ကျောင်းမှနုတ်လိုက်ရရှာ၏။ အစားတွင် ဆင်ခြင်၍နေရရှာ၏။ အဝတ်တွင် ဆင်ခြင်၍နေရရှာ၏။ အသွားတွင် ဆင်ခြင်၍နေရရှာ၏။ အနေအထိုင်မှစ၍ နေရာတကာတွင် ဆင်ခြင်သောကြောင့် တစ်ရပ်လုံးက ၎င်းတို့ညီအစ်ကိုအားချီးမွမ်းကြ၏။ သို့သော် ပါးစပ်ထောက်ပံ့ရုံအပြင် ဘာမျှမရ။ မောင်စာတို့၏အဖြစ်အပျက်ကို မောင်လူအေးသိလျှင် ဝမ်းနည်း၍မဆုံးပြီ။ သို့သော် နှုတ်၏စောင်မခြင်းအပြင် ဘာမျှ မတတ်နိုင်။ မိမိအိမ်မှပေးသောငွေမှာ ကောလိပ်ကျောင်းတွင်လောက်ရုံမျှသာ၊ ကောလိပ်ကျောင်းက ပြန်လာသောအခါများတွင် မိမိအိမ်မှာပင် ခေါ်၍ထား၏။ မောင်လူအေးနှင့်အတူတူ ပျော်ရွှင်စွာနေထိုင်ခိုက်တွင် မောင်စာ၏ရောဂါမှာ သက်သာသကဲ့သို့ရှိ၏။

မောင်လူအေး ဥပစာတန်းကို အောင်မြင်သောအခါ အစိုးရအထောက်အပံ့ တစ်လအစိတ်မျှရ၏။ မောင်စာသိလျှင် ဝမ်းသာ၍မဆုံးနိုင်ပြီ။ မောင်စာလိုသည့်အခါများတွင် မောင်လူအေးက ထောက်ပံ့နိုင်ရှာ၏။ သို့သော် ထိထိရောက်ရောက်ကား အဘယ်မှာလျှင် ထောက်ပံ့နိုင်ပါအံ့နည်း။

တစ်နေ့သ၌ မောင်စာ အလုပ်တိုက်သို့သွားရာ မိမိအားမလိုတော့ပြီဟူ၍ ပြောလိုက်သော မန်နေဂျာ၏စကားကို ကြားလိုက်လျှင် မောင်စာ၏ စိတ်ထဲတွင် မိုက်ခနဲဖြစ်၍သွား၏။ အကြောင်းကို မေးသောအခါ အမြတ်အစွန်းမရှိသောကြောင့် အထက်လူကြီးများက စာရေးအချို့ကိုထုတ်ရန် အမိန့်ပေးကြောင်းကို သိရ၏။ မိမိနှင့်အတူတူ သုံး၊ လေးယောက်လည်း အထုတ်ခံကြရ၏။ စိတ်လေးလေးနှင့်ပင် အိမ်သို့ပြန်ခဲ့လေပြီ။

ရောဂါတိုးသည်မှာကိစ္စမရှိ။ အလုပ်မရှိလျှင် ထမင်းငတ်ပေလိမ့်မည်။ ညီလေးများမှာ လုပ်ကိုင်နိုင်သောအရွယ်သို့ ရောက်ကြပြီဖြစ်သော်လည်း အလုပ်ရှာ၍မရနိုင်။ ထောက်ပံ့နိုင်သူ ဆွေမျိုးဟူ၍ ကြည့်လိုက်ပါလည်းမမြင်။ မောင်စာမှာ စိတ်အိုက်လျက်သာနေလေတော့သတည်း။

နောက်ဆုံး၌ အလုပ်မဲ့သူတို့၏ မှီခိုအားထားရာဖြစ်သော ရန်ကုန်မြို့ကြီးကို ပြေးခဲ့ရရှာ၏။ ဆွေမျိုးနီးစပ်သူတို့ထံတွင် တည်းခိုရင်း အလုပ်ရှာ၏။ မရသဖြင့် စိတ်ညစ်ရသည်မှာ အကြိမ်ပေါင်း မရေတွက်နိုင်ပြီ။ ဆွေမျိုးတို့မှာလည်း ချမ်းသာကြွယ်ဝသူများ မဟုတ်ကြသောကြောင့် မောင်စာအား ထမင်းကျွေးထားရန် မတတ်နိုင်။ ထမင်းတစ်နပ်စားရန်ပင် များစွာခဲယဉ်းလျက်နေသော မောင်စာအား မိမိရောဂါကို ဆေးကုသရန် မည်သို့တတ်စွမ်းနိုင်ပါအံ့နည်း။ ရောဂါသည် လျော့သည်မရှိ။ တစ်နေ့တခြား တိုး၍သာလာခဲ့၏။

စိတ်ပျက်လှသောကြောင့် နေရပ်သို့ ပြန်မည်ဆဲဆဲတွင် ရန်ကုန်မြို့ ကုန်တိုက်တစ်တိုက်၌ စာရေးကလေးအလုပ်ကို ရလေသည်။ မောင်စာ၏ ဝမ်းမြောက်ခြင်းကား ဆိုစရာမရှိပြီ။ တော်တော်ပင် လန်း၍လာ၏။ ပင်ပန်းသောအလုပ်ပင် ဖြစ်သော်လည်း အလုပ်မရှိသည်ထက်၊ ကြမ်းပိုးဖြစ်နေသည်ထက်၊ ထမင်းငတ်နေသည်ထက် ကောင်းသေး၏။

စာမျက်နှာ ၁၉ သို့ ❋

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁-၁- ၂၀၁၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ဝီရိယနည်း၍ နမော်နမဲ့နိုင်လွန်းသော မစံပယ်၏အကြောင်းကို ဆရာနိုဦးဇော်က ရေးသား၍ ကာတွန်း ဆူးထက်အောင် သရုပ်ဖော်ထားသည့် "နမော်နမဲ့များကြောင့်" မျက်နှာဖုံးကာတွန်း၊ ကလေးများ လွတ်လပ်ရေးနေ့ကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် လွတ်လပ်ရေး၏ အနှစ်သာရနှင့် လွတ်လပ်ရေးပြန်လည်ရယူပုံ အကြောင်းအရာအကျဉ်းချုပ်ကို တင်ဆက်ထားသည့် ဆရာကိုကျော်စွာ(ကျိုက်ပိ)၏ "ထိန်းသိမ်းစို့လေ လွတ်လပ်ရေးအမွေ" သုတဆောင်းပါး၊ ရိုးသားလွန်းသော မောင်ရိုးအကြောင်းကို တင်ဆက်ထားသည့် ကာတွန်းကြယ်ကြယ်၏ "အလွန်ရိုးတဲ့မောင်ရိုး" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါး၏ ကျေးဇူးတရားကို မသိရှိဘဲ စဉ်းစားဉာဏ်မဲ့စွာ ပြုမူခဲ့၍ ဒုက္ခရောက်ရသော ကျီးအကြောင်းကို တင်ဆက်ထားသည့် ဆရာဒွေးကျော်ဦး၏ "မြစ်ထဲကကျီးကန်း" ပုံပြင်၊ ဖြတ်ထိုးဉာဏ် ကောင်းသော ရန်ပိုင်စိုးအကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် ကာတွန်းစောဟန်၏ "ရန်ပိုင်စိုး" တစ်မျက်နှာကာတွန်း၊ သစ်ပင်စိုက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို တင်ဆက်ထားသည့် ဆရာမစုစုသော်၏ "တစ်ဆင့်စကား" ဝတ္ထု၊ အချင်းချင်း ကူညီရိုင်းပင်းကာ လုပ်ဆောင်ပါက အောင်မြင်မှုများ ရရှိနိုင်ကြောင်းကို သရက်စေ့လေးမှ အသီးအရွက်များဖြင့် ဝေဆာနေသော သရက်ပင်ကြီးဖြစ်လာပုံဖြင့် ဥပမာပြု တင်ဆက်ထားသည့် ကာတွန်းထွန်းထွန်းဝင်း (ရန်ကုန်တက္ကသိုလ်)၏ "ကူညီဖေးမ တို့ဘဝ" နှစ်မျက်နှာကာတွန်း၊ လုပ်ဆောင်ဖွယ်ရာကိစ္စများကို ဆောင်ရွက်ရာ၌ တစ်ဦးနှင့်တစ်ဦး နားလည်မှုထားကာ ဝိုင်းဝန်းလုပ်ဆောင်ပါက အရာရာအောင်မြင်နိုင်ကြောင်းကို တင်ဆက်ထားသည့် ကာတွန်းရွှေရိုး၏ "စိုးကြီး" နှစ်မျက်နှာကာတွန်း၊ Noun များ၏ပိုင်ဆိုင်မှုများအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ပါသည်။

**သတင်းစဉ်**







# ချစ်နိုင်(စိတ်ပညာ)ရေးသားသည့် တောသားလေးတစ်ယောက် စာအုပ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ရေးသားသည့် တောသားလေးတစ်ယောက်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဆရာချစ်နိုင်(စိတ်ပညာ)က အဆက်မပြတ်အားထုတ်မှုရှိပါက အောင်မြင်မှုရနိုင်မည်ဖြစ်ကြောင်း ကိုယ်တွေ့ဖြစ်ရပ်ဖြင့် ယှဉ်ကာ "ဓွဲ"အမည်ဖြင့် ရေးသားထားသည့် ဆောင်းပါးဖြင့် စတင်ဖော်ပြထားသည်။ ထို့နောက်တွင် စေတနာ့ဝန်ထမ်းတာဝန်၊ ဇာတိရွာ၊ ရွာအလွမ်း၊ ချောက်ရေနံမြေ၊ မွေးရပ်မြေ၊ ရွှေမန်းဆီသို့၊ ရတနာပုံ၊ ဇာတိမာန်၊ စာချစ်သူ၊ စာရေးသူ၊ စေတနာအဟုန် စသည့် ဆောင်းပါးများပါဝင်သည်။ ထို့ပြင် စာရေးသူ ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည့် စာအုပ် ၁၂၃ အုပ်၏ စာရင်းကို ထုတ်ဝေခဲ့သည့် နှစ်အလိုက် စုစည်းဖော်ပြထားသည်။

စာအုပ်ကို တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (လယ်) ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၈၂၄၈၁၀၂ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **ကြေးမုံ**

# မန္တလေးတိုင်းဒေသကြီးအတွင်း ငါးမွေးတောင်သူများအတွက် အခြေခံငါးမွေးမြူရေးနည်းပညာရပ်များ သင်ကြားပေးမည်

**မန္တလေး ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူများအတွက် ငါးမွေးမြူခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နည်းပညာရပ်များကို လာမည့် ဖေဖော်ဝါရီလအတွင်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းမှတာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောသည်။

အဆိုပါ နည်းပညာရပ်များကို ငါးမွေးမြူရေး စိတ်ပါဝင်စားသည့် ငါးမွေးတောင်သူများကို ငါးမွေးမြူရေး နည်းစနစ်များ သိရှိနားလည်စေရေးအတွက် အဓိကထားရည်ရွယ်ပြီး သင်ကြားပေးသွားရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ယင်းနည်းပညာရပ်များကို သင်ကြားပေးသွားရန် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်ကြားပေးရာတွင်လည်း သင်တန်းတစ်ခုတွင် လူဦးရေ ၂၀ မှ ၂၅ ဦးထိလက်ခံပြီး ငါးမွေးတောင်သူများအား စာတွေ့၊ လက်တွေ့နည်းဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငါးမွေးမြူရေးကို စိတ်ပါဝင်စားတဲ့ ငါးမွေးတောင်သူတွေကို သင်တန်းပေးသွားမှာပါ ။ စနစ်တကျမွေးမြူနိုင်ရေးအတွက်လည်း သင်တန်းပို့ချပေးတာပါ။ သရက်ကုန်း ငါးလုပ်ငန်းစခန်းမှာပဲ သင်တန်းဖွင့်လှစ်ပေးသွားမှာပါ။ တိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူတွေအတွက်ပါ။ သင်တန်းကိုလည်း ကိုဗစ်စည်းကမ်းနဲ့အညီ ဖွင့်လှစ်သင်ကြားပေးသွားမှာပါ။ နှစ်တိုင်းလိုလို သင်တန်းတွေပေးဖို့ လျာထားပါတယ်။ ယခုသင်တန်းကိုတော့ လာမယ့် ဖေဖော်ဝါရီလအတွင်းမှာဖွင့်လှစ်ဖို့ စီစဉ်ထားပါတယ်။ ငါးလုပ်ငန်းနဲ့ပတ်သက်တဲ့ ခရိုင်၊ မြို့နယ်စခန်းတွေမှာလည်း ပေးသွားဖို့ အစီအစဉ်ရှိပါတယ်။ အခုလို နည်းပညာရပ်တွေပေးခြင်းဖြင့် အခြေခံငါးမွေးမြူရေးကို နည်းစနစ် မှန်မှန်ကန်ကန်နဲ့ မွေးမြူနိုင်မယ့် အကျိုးကျေးဇူးတွေရရှိမှာပါ" ဟု ၎င်းက ပြောသည်။

ငါးမွေးတောင်သူများ ငါးမွေးမြူသည့်အခါတွင် ကျန်းမာသန်စွမ်းသည့် ငါးသားပေါက်၊ ငါးမျိုးစိတ်များကို မွေးမြူနိုင်စေရေးနှင့် ငါးမျိုးကောင်းမျိုးသန့်များကို ထုတ်လုပ် ဖြန့်ဖြူးနိုင်စေရန်အတွက် အခြေခံ ငါးမွေးမြူခြင်း သင်တန်း၊ ငါးဆေးထိုးသားဖောက်သင်တန်းနှင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်



(GAQP)စသည့် နည်းပညာရပ်များကို သင်ကြားပေးသွားမည် ဖြစ်ကြောင်း၊ ငါးမွေးတောင်သူများ ရေချိုငါးမွေးမြူရေးကို စနစ်တကျမွေးမြူနိုင်စေရေး၊ ငါးအစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မိမိတို့ကိုယ်တိုင် ငါးသားပေါက်ထုတ်လုပ်နိုင်စေရေးကို ရည်ရွယ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

* စာမျက်နှာ ၁၈ မှ

ရန်ကုန်တွင် မောင်လူအေးနှင့်အတူတူ နေထိုင်ရသောကြောင့် နှစ်ဦးစလုံး ဝမ်းမြောက်၍ မဆုံး။ ပျော်ရွှင်၍မဆုံး၊ တပြုံးပြုံးနှင့် ရန်ကုန်မြို့တွင် သွားလာလည်ပတ်ကာနေကြကုန်၏။ မိမိ၏ ညီလေးနှစ်ယောက်နှင့် အဒေါ်တို့ကိုလည်း ရန်ကုန်သို့ ခေါ်ခဲ့လေသည်။ မောင်လူအေးလည်း ဝိဇ္ဇာစာမေးပွဲကိုအောင်၍ အလုပ်အကိုင်ရလျှင် မောင်စာအား အလုပ်ထွက်စေ၍ မိမိနှင့်အတူထားကာ သမားကောင်းတို့နှင့် ဆေးဝါးကုသစေမည်ဟု အားခဲ၍ထား၏။ စာမေးပွဲအောင်ရန် ကြိုးစားလျက်နေလေပြီ။

မောင်လူအေး ဝိဇ္ဇာစာမေးပွဲကို ဝင်ပြီးနောက် နေရပ်သို့ပြန်သွားသောအခါ မောင်စာမှာ အလုပ်ကလည်း ပင်ပန်း၊ ဆေးဝါးကလည်း မစားရ။ စိတ်ညစ်စရာတွေကလည်းများသဖြင့် အိပ်ရာထဲမှ မထနိုင်သောဘဝသို့ ရောက်ရှာလေတော့သတည်း။ တစ်လမျှမကြာမီပင် မောင်စာ၏သနားဖွယ်ရာသောဇာတ်လမ်းမှာ ဆုံးခန်းတိုင်သို့ ရောက်လေတော့၏။ မွေးကတည်းက မောင်စာမှာ ဘယ်အခါ တစ်ကွက်ကလေးမျှ အေးအေးချမ်းချမ်း စည်းစိမ်ကလေးနှင့်နေခဲ့ရသည် မရှိပါတကား။

မောင်လူအေးလည်း ဝိဇ္ဇာစာမေးပွဲ အောင်လေပြီ။ အလုပ်ရရန်သာ လိုတော့၏။ မိမိကြံစည်ထားသည်နှင့် သီသီကလေးလွဲရလေခြင်းဟု ရင်ထုမနာဖြစ်၍ ကျန်ရစ်ရှာလေတော့၏။ သို့သော် သေမင်း၏အခွန်ကို မည်သူမဆပ်ဘဲ နေဝံ့ပါအံ့နည်း။

မောင်စာ သေမင်းနိုင်ငံသို့ ထွက်ခွာသွားသည်မှာ ငါးနှစ်ခန့်ပင်ကြာလေပြီ။ မောင်လူအေးမှာကား ဝန်ထောက်ဖြစ်လျက်နေချေပြီ။ ဤအခိုက်၊ ဤအခါ၊ ဤနေရာ၌ အဘယ်မှာလျှင် မိမိ၏ ချစ်လှစွာသောယောက်ျားကို မလွမ်းဘဲနေနိုင်အံ့နည်း။

လင်းကြက်တွေလည်း ဆော်လေပြီ။ ကုလားတက်တွေလည်း ဆူညံနေပြီ။ မောင်လူအေးကား တွေးတောတုန်းပင်။

**၁၂၉၅ ခု နတ်တော်လ၊ ဂန္ထလောကမဂ္ဂဇင်း။**

■

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 10 (စနစ်ဟောင်း)

ယခင်အပတ်က Unit 6 THE PRODIGAL SON အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Active Voice to Passive Voice ပြောင်းနည်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

Grammar patterns

### Active Voice to Passive Voice ပြောင်းနည်း

Active-Passive ပုံစံ အလွတ်ကျက်မှတ်ထားပါ။

| Tenses | Active Form | Passive Form |
|---|---|---|
| Present Simple | V1 | am,is,are+ V3 |
| Present Continuous | am,is,are+Ving | am,is,are+ being + V3 |
| Present Perfect | has,have+ V3 | has,have+ been + V3 |
| Past Simple | V2 | was,were+V3 |
| Past Continuous | was, were+Ving | was,were+being+V3 |
| Past Perfect | had+V3 | had+been+ V3 |
| Future Simple | will/shall V1 | will be +V3 |
| Future Continuous | will be+ Ving | (no passive) |
| Future Perfect | will have + V3 | will have been+ V3 |

**မှတ်ချက်။ will နေရာတွင် modal verbs များအစားထိုးနိုင်သည်။**

ဥပမာ will V1 ဆိုရင် will be V3

can/could V1 ဆိုရင် can/could be V3

shall V1 ဆိုရင် will be V3

**(I shall, We shall နဲ့ပေးထားသော်လည်း P.V ပြောင်းသည့်အခါ ခံရတဲ့ object က I/We မဟုတ်သည့်အတွက် will ပြောင်းဖြေပေးရသည်။)**

should V1 ဆိုရင် should be V3

may/might V1 ဆိုလျှင် may/might be V3

must V1 ဆိုရင် must be V3

**To ပါသောဝါကျများကို Passive Voice ပြောင်းနည်း။**

| Active Form | Passive Form |
|---|---|
| To V1 | To be + V3 |
| (be) to +V1 | (be) to be +V3 |
| (have) to + V1 | (have) to be + V3 |
| (be) going to + V1 | (be) going to be + V3 |
| (be) about to +V1 | (be) about to be + V3 |

**Active-Passive Form တွေကို အလွတ်ရပြီဆိုရင် Active Voice ကို ဘယ်နေရာမှာ သုံးရသလဲနဲ့ Passive Voice ကိုဘယ်နေရာတွေမှာ သုံးရသလဲ သိဖို့လိုပါတယ်။**

- **Active Voice ဆိုတာ Subject (ပြုလုပ်သူ)ကို ဦးစားပေးတဲ့ ဝါကျလို့ နားလည်ထားပါ။**
- **Passive Voice ဆိုတာ Object (ခံရသူ)ကို ဦးစားပေးတဲ့ဝါကျလို့ နားလည်ထားပါ။**
- **Passive Voice ကို Subject (ပြုလုပ်သူ) မတိကျတဲ့အခါ (သို့မဟုတ်) Object ခံရသူကို ဦးစားပေးတဲ့အခါမျိုးမှာ သုံးပါတယ်။**

ဥပမာ (Active) Someone stole my bike yesterday.

(တစ်ယောက်ယောက် မနေ့က ငါ့စက်ဘီးခိုးခဲ့တယ်)လို့ ရေးမယ့်အစား (Passive) My bike was stolen yesterday. (ငါ့စက်ဘီး မနေ့က ခိုးခံလိုက်ရပြီလို့ရေးတာ ပိုကောင်းတာပေါ့။)

ဒီလောက်သဘောပေါက်ရင် စာကြောင်းလေးတွေ လေ့ကျင့်ကြည့်မယ်။

Active-Passive လေ့ကျင့်တဲ့အခါမှာ စာကြောင်းအစုံကို ပြောင်းတတ်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။ ကဲကြည့်ရအောင်.....

### Passive Voice ပြောင်းနည်း

၁။ Active Voice မှာပါတဲ့ object (ခံရသူ) ကို ဝါကျရှေ့သို့ ထုတ်ရေးပါ။

၂။ Active Voice ဝါကျရဲ့ ကြိယာသဏ္ဌာန်နှင့် ကိုက်ညီတဲ့ Passive Voice ကြိယာတွဲကို ပြောင်းရေးပါ။

၃။ Subject က တိကျမှုရှိရင် by ခံရေးပါ။ မတိကျရင် by ခံရေးစရာမလိုပါ။

၄။ အချိန်ပြပုဒ်တွေ၊ နေရာပြပုဒ်တွေနဲ့ အကြောင်းပြချက်တွေကို နောက်မှာပဲထားခဲ့ပါ။

**Present Simple Active Voice (V1) – Passive Voice (am, is, are + V3)**

e.g. **Positive sentence (ရိုးရိုးဝါကျ)**

Ko Ko plays tennis. (A.V)

Tennis is played by Ko Ko. (P.V)

**Negative sentence (အငြင်းဝါကျ)**

Ko Ko does not play tennis. (A.V)

Tennis is not played by Ko Ko. (P.V)

**Positive Question (ရိုးရိုးအမေး ဝါကျ)**

Does Ko Ko play tennis? (A.V)

Is tennis played by Ko Ko? (P.V)

**Negative Question (အငြင်းအမေး ဝါကျ)**

Doesn't Ko Ko play tennis? (A.V)

Isn't tennis played by Ko Ko? (P.V)

**Wh ... Question (Wh... မေးခွန်း)**

Who plays tennis? (A.V)

By whom is tennis played? (P.V)

**(A.V ဝါကျမှာ ကိုကို နေရာမှာ Who ပြောင်းလိုက်တယ်။ P.V မှာ ကိုကိုက by ရဲ့အနောက်ရောက်နေတယ်။ ဒီတော့ by (ဝိဘတ်) ရဲ့ အနောက်မှာ ခံရသူ Object ပဲလိုက်ပါတယ်။ ဒါကြောင့် who ကို whom ပြောင်းပေးရတယ်။ by whom တစ်တွဲလုံးကို ရှေ့သို့ထုတ်ပေးပြီး မေးခွန်းဖြစ်အောင် အကူကြိယာ is ကိုရှေ့သို့ ပို့ပေးလိုက်တာပါ။)**

**Wh ... Question (Wh... မေးခွန်း)**

What does Ko Ko play? (A.V)

What is played by Ko Ko? (P.V)

(What မေးခွန်းမှာတော့ tennis ကိုဖြောက်ပစ်ရမှာပေါ့။)

**A.V – P.V နဲ့ပတ်သက်တဲ့ ဆောင်ရန်၊ ရှောင်ရန် စည်းကမ်းချက်တွေကို မှတ်သားထားပါ။**

(၁) A.V ဝါကျရဲ့ Subject သည် People, they, we, someone, somebody, everyone, everybody စသည့် မတိကျသောစကားလုံးများဖြစ်နေရင် P.V ပြောင်းသည့်အခါ ၎င်းတို့ကို by agent အဖြစ်ပြန်ရေးစရာမလိုပါ။

ဥပမာ People play football. (A.V)

Football is played. (P.V) (People ကမတိကျလို့ P.V မှာ ပြန်မထည့်တာပါ။)

ဥပမာ Myanmar people play Chinlone. (A.V)

Chinlone is played by Myanmar people. (P.V) (Myanmar People ကတိကျလို့ P.V မှာ ပြန်ထည့်လိုက်တာပါ။)

(၂) အချိန်ပြ၊ နေရာပြ၊ အကြောင်းပြ ရှေ့သို့မပို့ရ။

ဥပမာ U Ba bought ten oranges **yesterday.** (အချိန်ပြ)

Ten oranges were bought by U Ba **yesterday.**

(အချိန်ပြပုဒ် နောက်မှာပဲထား)

ဥပမာ Daw Lay is cooking a meal **in the kitchen.** (နေရာပြ)

A meal is being cooked by Daw Lay **in the kitchen.**

(နေရာပြပုဒ် နောက်မှာပဲထား)

ဥပမာ The headmaster awarded the students **because they are outstanding.** (အကြောင်းပြချက်)

The students were awarded by the headmaster **because they are outstanding.** (အကြောင်းပြချက် နောက်မှာပဲထား)

(၃) No one, Nobody ပါလာရင် Passive Voice ပြောင်းသည့်အခါ "not" ထည့်ဖြေပါ။

ဥပမာ **No one** saw him running away.

He was **not** seen running away.

(၄) ပြုမူဆောင်ရွက်ပုံပြသော manner adverbs တွေပါလာရင် Passive Voice ပြောင်းသည့်အခါ ၎င်းတို့ကို V3 ရှေ့တွင်ထားပါ။

ဥပမာ The children are playing tennis **happily.**

Tennis is being **happily** played by the children.

(၅) Active Voice ဝါကျ၏ Subject သည် နာမ်စားတွေဖြစ်နေလျှင် Passive Voice ပြောင်းသည့်အခါ ၎င်းတို့ကို by ခံရေးလည်းရသည်။ မရေးလည်းရသည်။ သို့သော် by us/them ကိုတော့ ပြန်မထည့်ရပါ။

ဥပမာ She cooks the rice.

The rice is cooked by her. (ရေးလို့ရသည်။)

The rice is cooked. (ရေးလို့ရသည်။)

ဥပမာ We eat rice.

Rice is eaten. (by us လို့ ပြန်မထည့်ရပါ။)

(၆) Active Voice ဝါကျ၏ Object သည် နာမ်စားတွေဖြစ်နေရင် Passive Voice ပြောင်းသည့်အခါ ၎င်းတို့ကို ပုံစံပြောင်းပေးရသည်။

ဥပမာ U Hla beat **him** yesterday.

**He** was beaten yesterday.

(၇) Object နှစ်ခုပါလာရင် သက်ရှိ object ရှေ့မှာ to/for ခံရေးပါ။

ဥပမာ Uncle gave **me some money.**

I was given some money by uncle.

Some money was given **to me** by uncle.

(to ခံမလား၊ for ခံမလားဆိုတာ Verb ကို ကြည့်ရေးပါ။)

************************************

**Exercise on Active Voice to Passive Voice**

**A. Change the following statement into Passive Voice.**

1. Ms Sullivan teaches us grammar.

______________________________________________.

2. The teacher praised him.

______________________________________________.

3. The firemen took the injured to the hospital.

______________________________________________.

4. An earthquake destroyed the town.

______________________________________________.

5. The boy's work pleased the teacher.

______________________________________________.

6. The fire damaged the building.

______________________________________________.

7. Who taught you Chinese?

______________________________________________.

8. The manager will give you a ticket.

______________________________________________.

9. Spectators thronged the streets.

______________________________________________.

10. Everyone will blame us.

______________________________________________.

++++++++++

## Grade 11 (စနစ်ဟောင်း)

ယခင်အပတ်က Unit 8 : ADVERTISEMENTS သင်ခန်းစာအကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 9 SLEEP and DREAMS သင်ခန်းစာပါ မေးခွန်းများကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။

### UNIT 9 : SLEEP AND DREAMS

**I. Read the passage.**

"Oh sleep! It is a gentle thing..........Sleep well! Sweet dreams!"

(A) Write the correct word or words to complete each sentence.

1. All of us spend ____ of our lives sleeping.
2. ___ is important to humans.
3. ____ cannot be saved the way we save money in the bank.
4. Babies sleep ____ hours a day.
5. Younger people need ____ sleep than old people.
6. ____ time varies with individuals.
7. While sleeping, some people stop ____ because the throat muscles relax too much.
8. Some snorers have a condition called sleep ____.
9. People ____ because they have trouble breathing while they are asleep.
10. There are lots of jokes about ____.
11. Children usually grow out of ____ when they become adolescents.
12. Many people talk ____ in their sleep.
13. No one told any ____ while talking in their sleep.
14. We usually have nightmares at ____.
15. Dreams have ____ effects on our lives.
16. Terrifying dreams are a collection of scattered, confused ____.
17. At times people believed the dreams have ____ or that they could tell the future.
18. Our brain is never actually ____.
19. ____ is a biological need.
20. Body movement during sleep occurs just before the ___ stage.

Ans: I. (A) 1. a third; 2. Sleep; 3. Hours of sleep; 4. eighteen; 5. more; 6. Sleeping; 7. breathing up; 8. apnea; 9. snore; 10. snoring; 11. sleepwalking; 12. confused half sentences; 13. secrets; 14. dawn; 15. positive; 16. thoughts; 17. magical powers; 18. blank; 19. Sleep; 20. REM;

(B) Answer each question in one sentence.

1. Who is Samuel Taylor Coleridge?
2. Why is sleep very important to humans?
3. What are the body characteristics that change during sleep?
4. How many kinds of sleep are there? What are they?
5. What does REM stand for?
6. In which stage of NREM do you sleep more deeply?
7. When does body movement during sleep occur?
8. How many times does a person move during sleep each night?
9. What are dreams?
10. How does a person usually wake up when he has a terrifying dream?
11. When do we usually have nightmares?
12. When do children usually grow out of sleepwalking?
13. Why do people snore while sleeping?
14. How many hours of sleep do we need a night?
15. What are terrifying dreams?

Ans: (B) 1. Samuel Taylor Coleridge is a famous British poet.
2. Sleep is very important to humans because we spend a third of our lives sleeping.
3. The body characteristics that change during sleep are body temperature, brain waves, blood pressure, breathing, and heartbeat.
4. There are two kinds of sleep: rapid eye movement (REM) and no rapid eye movement (NREM) .
5. REM stands for rapid eye movement.
6. We sleep more deeply in the stage of NREM.
7. Body movement during sleep occur just before the REM stage.
8. A person moves about thirty times during sleep each night.
9. Dreams are the things that were on our mind during the day.
10. A person usually wakes up exhausted, sweating, and with a rapid heartbeat when he has a terrifying dream.
11. We usually have nightmares towards dawn.
12. Children usually grow out of sleepwalking when they become adolescents.
13. People snore while sleeping because they have trouble breathing while they are asleep.
14. We need from 7 and a half hours of sleep to 8 and a half hours of sleep a night.
15. Terrifying dreams are a collection of scattered, confused thoughts.

### Grammar patterns

**Without (မပါဘဲ၊ မရှိဘဲ)**

**Active Form – Without + Ving**

**Passive Form – Without + being + V3**

**<u>Active ပုံစံဖြေဆိုနည်း</u>**

. ဝါကျနှစ်ကြောင်း Subject တူရမည်။ ငြင်းဆိုဝါကျကို Active Voice ပုံစံဖြင့် ရေးထားလျှင် Active Form (Without + Ving) နဲ့ဖြေရမည်။

e.g. **Mother** cooked the vegetables. **She <u>did not wash</u>** them.

Without ______________________________.

ရှင်းချက်။ ပေးထားတဲ့ဝါကျနှစ်ကြောင်းစလုံးရဲ့ Subject တွေတူတယ်။ ငြင်းဆိုဝါကျကို ကြည့်လိုက်တော့ did not wash ပေးထားတယ်။ did not wash ဆိုတာ V2 ကို အငြင်းပုံစံပြောင်းရေးထားတာပါ။ V2 က Active Voice ပုံစံဖြစ်ပါတယ်။ ဒီတော့ Active Form ပုံစံနဲ့ဖြေရပါမယ်။ အဖြေက **Without washing the vegetables, mother cooked them. (OR) Mother cooked the vegetables without washing them. (ဟင်းသီးဟင်းရွက်တွေကို ရေမဆေးဘဲ မေမေ ချက်ပြုတ်ခဲ့တယ်)** ဆိုပြီးဖြစ်သွားပါတယ်။ (အဖြေပြန်ရေးတဲ့အခါ the vegetables နဲ့ them နှစ်ခုအနက် the vegetables (နာမ်) ကို ဦးစားပေးပြီး အရင်ဆုံး ရေးရတာကို သတိပြုပါ။)

e.g. **He** took my laptop. **He <u>did not tell</u>** me.

Without ______________________________.

ရှင်းချက်။ ပေးထားတဲ့ဝါကျနှစ်ကြောင်း Subject တွေ တူပါတယ်။ အငြင်းဝါကျကို ကြည့်လိုက်တော့ did not tell ကို တွေ့ရတယ်။ did not tell ဆိုတာ V2 ကို အငြင်းပြောင်းရေးထားတာပါ။ V2 က Active Voice ပုံစံဖြစ်ပါတယ်။ ဒါကြောင့် အဖြေက **Without telling me, he took my laptop. (OR) He took my laptop without telling me. (ကျွန်တော့်ကို မပြောဘဲ ကျွန်တော့်လက်ပ်တော့ကို သူယူသွားခဲ့တယ်။)** ဆိုပြီးဖြစ်သွားပါတယ်။

**<u>Passive Form ဖြင့် ဖြေဆိုနည်း</u>**

**Without + being + V3**

. ဝါကျနှစ်ကြောင်း Subject မတူရင် Passive Form ဖြင့်ဖြေဆိုပါ။

. Subject တွေတူပေမယ့် အငြင်းဝါကျကို Passive Voice ပုံစံဖြင့် ရေးထားလျှင် Passive Form ဖြင့်ဖြေဆိုပါ။

e.g. **Maung Maung** helped the old man. **The old man <u>did not ask</u>** for help.

Without ______________________________.

ရှင်းချက်။ ပေးထားတဲ့ဝါကျရဲ့ Subject တွေက Maung Maung နဲ့ The old man ဖြစ်တဲ့အတွက် မတူပါဘူး။ Subject မတူတဲ့အတွက် Passive Form (Without being + V3) ပုံစံနဲ့ဖြေရပါမယ်။ ဒါကြောင့် အဖြေက **Without being asked for help, Maung Maung helped the old man. (OR) Maung Maung helped the old man without being asked for help. (အကူအညီတောင်းခြင်းမခံရဘဲ မောင်မောင်က အဘိုးအိုကြီးကို ကူညီခဲ့တယ်။)** ဆိုပြီးဖြစ်သွားပါတယ်။

e.g. **U Ba** went to the donation ceremony. **No one** invited him.

Without ______________________________.

ရှင်းချက်။ ပေးထားတဲ့ဝါကျမှာ Subject တွေက U Ba နဲ့ No one ဖြစ်တဲ့အတွက် မတူပါဘူး။ ဒါကြောင့် Passive Form ပုံစံနဲ့ဖြေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဖြေက **Without being invited, U Ba went to the donation ceremony. (OR) U Ba went to the donation ceremony without being invited. (ဖိတ်ကြားခြင်းမခံရဘဲ အလှူပွဲကို ဦးဘသွားခဲ့တယ်။)** ဆိုပြီးဖြစ်သွားပါတယ်။ ဒီနေရာမှာ တစ်ခုပြောချင်တာ invited ရဲ့အနောက်မှာ him ကို ပြန်မထည့်တာ သတိပြုပါ။ Passive Form ဖြစ်တဲ့အတွက် ခံရတဲ့ him ကို ဝါကျအရှေ့ထုတ်လိုက်တဲ့ သဘောပါပဲ။)

e.g. **U Ba** went to the donation ceremony. **He <u>was not invited.</u>**

Without ______________________________.

ရှင်းချက်။ ပေးထားတဲ့ဝါကျမှာ Subject တွေက U Ba နဲ့ he ဖြစ်တဲ့အတွက် တူပါတယ်။ ဒါပေမယ့် ငြင်းဆိုဝါကျကိုကြည့်လိုက်တော့ Passive Voice (was invited) ပုံစံနဲ့ရေးထားပါတယ်။ ဒါဆို Subject တူပေမယ့် ငြင်းဆိုဝါကျကို Passive Voice ပုံစံနဲ့ရေးထားတဲ့အတွက် Passive Form (Without being V3) ပုံစံနဲ့ဖြေရပါမယ်။ ဒါကြောင့် အဖြေက **Without being invited, U Ba went to the donation ceremony. (OR) U Ba went to the donation ceremony without being invited. (ဖိတ်ကြားခြင်းမခံရဘဲ ဦးဘက အလှူပွဲကိုသွားခဲ့တယ်။)** ဆိုပြီးဖြစ်သွားပါတယ်။

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

**Without + Ving (OR) Without being + V3**

1. The boys could swim. No one taught him.
   Without __________________________.
2. She left. She did not say goodbye.
3. She went out in the rain. She did not wear the raincoat.
4. Don't expect to get high marks if you don't study your lessons regularly.
5. Yin Yin will not come if you do not invite her.
6. Mother went shopping. She did not take her shopping list.
7. He decided to go to Mandalay with us. He did not think twice.
8. My brother knew the secrets. No one told him.
9. Father went out early. He did not have anything for breakfast.
10. Khin Khin attended the party. She was not invited.

Ans: 1. Without being taught, the boys could swim.
2. Without saying goodbye, she left.
3. Without wearing the raincoat, she went out in the rain.
4. Without studying your lessons regularly, don't expect to get high marks.
5. Without being invited, Yin Yin will not come.
6. Without taking her shopping list, mother went shopping.
7. Without think twice, he decided to go to Mandalay with us.
8. Without being told, my brother knew the secrets.
9. Without having anything for breakfast, father went out early.
10. Without being invited, Khin Khin attended the party.

++++++++++++++++++++++

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၉ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၇၆ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း **(၁၀,၇၁၄)** ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် **(၁၈၉)** ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ **(၁.၇၆)** ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၄၀,၆၅၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၀,၈၃၄) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၇၉) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၅၀၈,၂၃၂) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၂၆၈) ဦးရှိပါသည်။

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးဝင်ရောက်ဖြစ်ပွားမှုကြောင့် (၃၁-၁၂-၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ အတည်ပြုလူနာစုစုပေါင်း (၃၆၇,၈၅၂) ဦး ရှိ၍ သေဆုံးသူ (၆၁) ဦးရှိပြီဖြစ်ရာ ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက၊ အာဖရိက၊ ဩစတြေးလျ၊ အရှေ့တောင်အာရှအပါအဝင် အာရှဒေသနိုင်ငံများစသည့် ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံ/ ဒေသပေါင်း (၁၂၇) ခုအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိပြီးဖြစ်သည်ဟု သိရှိရပါသည်။
- မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအနက် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိရသည့်လူနာများတွင် မျိုးရိုးဗီဇပြောင်းရောဂါပိုး ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးမှုများအရ ယူအေအီး နိုင်ငံ၊ ဒူဘိုင်းမြို့မှ Relief Flight ဖြင့် ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသား (၄) ဦး၏ ဓာတ်ခွဲနမူနာများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး တွေ့ရှိရကြောင်း (၂၈-၁၂-၂၀၂၁) ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ(Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၃၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၄၁၁) ခု | (၇၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၆) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၇) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၂၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၅၇) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၁၆၃) ခု | (၉၇) ဦး |
| စုစုပေါင်း | (၁၀,၇၁၄) ခု | (၁၈၉) ဦး |

- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးနှင့်ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနကအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၅၂၅၈၂၃ | ၄၁၄၆၇၆၆၀ | ၈၄၅၇၄၅ |
| ၂။ | အိန္ဒိယ | ၃၄၈၃၈၈၀၄ | ၃၄၂၆၆၃၆၃ | ၄၈၁၀၈၀ |
| ၃။ | ဘရာဇီး | ၂၂၂၇၇၂၃၉ | ၂၁၅၆၇၈၄၅ | ၆၁၉၀၂၄ |
| ၄။ | ဗြိတိန် | ၁၂၇၄၈၀၅၀ | ၁၀၂၇၁၇၀၆ | ၁၄၈၄၂၁ |
| ၅။ | ရုရှား | ၁၀၄၉၉၉၈၂ | ၉၄၆၃၉၁၉ | ၃၀၈၈၆၀ |
| ၆။ | ပြင်သစ် | ၉၇၄၀၆၀၀ | ၈၀၃၇၅၇၂ | ၁၂၃၅၅၂ |
| ၇။ | တူရကီ | ၉၄၄၁၇၆၄ | ၉၀၃၉၃၄၄ | ၈၂၁၉၈ |
| ၈။ | ဂျာမနီ | ၇၁၄၂၉၈၂ | ၆၃၈၂၉၀၀ | ၁၁၂၅၁၂ |
| ၉။ | စပိန် | ၆၂၉၄၇၄၅ | ၅၀၅၆၉၅၅ | ၈၉၄၀၅ |
| ၁၀။ | အီရန် | ၆၁၉၄၄၀၁ | ၆၀၃၇၀၉၀ | ၁၃၁၆၀၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၆၂၇၂၀ | ၄၁၁၄၃၃၄ | ၁၄၄၀၉၄ |
| ၂။ | ဖိလစ်ပိုင် | ၂၈၄၃၉၇၉ | ၂၇၇၈၂၄၂ | ၅၁၅၀၄ |
| ၃။ | မလေးရှား | ၂၇၅၄၅၁၃ | ၂၆၇၇၄၀၆ | ၃၁၄၆၂ |
| ၄။ | ထိုင်း | ၂၂၃၄၃၅ | ၂၁၆၈၄၉၄ | ၂၁၆၉၈ |
| ၅။ | ဗီယက်နမ် | ၁၇၃၁၂၅၇ | ၁၃၅၅၂၈၆ | ၃၂၃၉၄ |
| ၆။ | မြန်မာ | ၅၃၀၈၃၄ | ၅၀၈၂၃၂ | ၁၉၂၆၈ |
| ၇။ | စင်ကာပူ | ၂၇၉၀၆၁ | ၂၇၅၃၅၇ | ၈၂၇ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၄၉၃ | ၁၁၆၉၁၇ | ၃၀၁၂ |
| ၉။ | လာအို | ၁၁၁၀၆၀ | ၁၀၁၆၂၈ | ၃၇၂ |
| ၁၀။ | ဘရူနိုင်း | ၁၅၄၇၀ | ၁၅၂၇၂ | ၉၈ |

## ခရမ်းမြို့နယ် သဘာဝရေပြင်အတွင်း ငါးကောင်ရေသုံးသိန်း မျိုးစိုက်ထည့်

**ခရမ်း ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် လှော်ကားငါးလုပ်ငန်းစခန်းတို့မှ ခရမ်းမြို့နယ် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် ခရမ်းသဘာဝရေပြင် ကမာမတ်ကျေးရွာအနီး၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရမ်းမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများ၊ လှော်ကားငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးရဲထွန်းနိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး လှော်ကားငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းအား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မိန်းမလှကျွန်း၌ မိကျောင်းစာရင်းကောက်ယူ၊ ချောင်းအလျား ၁၆၃ ကီလိုမီတာအတွင်း မိကျောင်းကောင်ရေ ၁၁၅ ကောင်တွေ့ရှိ

ဘိုကလေး ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အတွင်းရှိ မြစ်ချောင်းများတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ မိကျောင်းစာရင်းကောက်ယူရာ ချောင်းအလျား ၁၆၃ ကီလိုမီတာအတွင်း မိကျောင်းကောင်ရေ စုစုပေါင်း ၁၁၅ ကောင် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။


မိန်းမလှကျွန်းရှိ မိကျောင်းတစ်ကောင်ကို တွေ့ရစဉ်။

အဆိုပါဘေးမဲ့တောအတွင်းရှိ မြစ်ချောင်းများအတွင်း မိကျောင်းစာရင်းကောက်ယူခြင်း လုပ်ငန်းကို နှစ်စဉ် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ကောက်ယူရာတွင် ဝန်ထမ်း ၁၀ ဦးက မိန်းမလှကျွန်းအရှေ့ဘက်ခြမ်း၌ တစ်ဖွဲ့၊ မိန်းမလှကျွန်းအနောက်ဘက်ခြမ်း၌ တစ်ဖွဲ့ အဖွဲ့နှစ်ဖွဲ့ခွဲ၍ မိကျောင်းများတွေ့ရှိရမှု ကောင်းမွန်သည့် ညပိုင်း ဒီရေအကျဆုံးအချိန်တွင် ဆောင်ရွက်ခဲ့ကြောင်း မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစိုင်းဝဏ္ဏကြည်က ပြောသည်။

"ဒီဘေးမဲ့တောမှာ နှစ်စဉ် အချိန်ကာလ တစ်ခုသတ်မှတ်ထားတဲ့ နိုဝင်ဘာလရောက်တိုင်း မိကျောင်းကောင်ရေ စာရင်းကောက်ယူတာကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ်လည်း ပြီးခဲ့တဲ့ နိုဝင်ဘာလက ဘေးမဲ့တောအတွင်းရှိ ချောင်းအလျား ၁၆၃ ဒသမ ၀၀ ကီလိုမီတာအထိ စာရင်း ကောက်ခဲ့ရာမှာ သက်ငယ် ၉၅ ကောင်၊ သက်လတ် ၁၂ ကောင်၊ သက်ကြီး ရှစ်ကောင် စုစုပေါင်း ၁၁၅ ကောင်ကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ နောက်ပြီး ဒီဘေးမဲ့တောကလည်း ရေချိုရေငန်စပ် မိကျောင်းမျိုးတွေ အဓိကအများဆုံး ကျက်စားနေထိုင်ပြီး မျိုးပွားခိုလှုံရာ နေရာတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့က မိကျောင်းကောင်ရေ တိုးပွားမှု၊ နည်းပါးမှု အခြေအနေတွေကိုလည်း နှစ်အလိုက် စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာမှုတွေ လုပ်ဆောင်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါဘေးမဲ့တောတွင် ငှက်မျိုးစိတ်များပျံ့နှံ့ကျက်စားမှု၊ ရေချိုရေငန်စပ်မိကျောင်းများ၏ အလေ့အထများနှင့် ဂေဟဗေဒ၊ ရာသီဥတုပြောင်းလဲမှု၏ ဒီရေတောများအပေါ် အကျိုးသက်ရောက်မှု၊ ဒီရေတောမှ ရရှိသည့် သယံဇာတများက ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကိုအထောက်အကူပြုမှု၊ ဒီရေတော ဂေဟစနစ်ဝန်ဆောင်မှုများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့နည်းသက်သာခြင်း ဆက်စပ်မှုများအား လေ့လာနိုင်ကြောင်း၊ ရေချိုရေငန်စပ်မိကျောင်း(Crocodylus Porosus)ကို သဘာဝအတိုင်း ထိန်းသိမ်းကာကွယ်ထားသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဧရိယာလည်းဖြစ်ကြောင်း၊ လေ့လာအပန်းဖြေစရာများအဖြစ် ဒီရေတောအတွင်း စက်လှေစီး၍ လေ့လာခြင်း၊ ဒေသခံများ၏ မိရိုးဖလာ ငါးဖမ်းနေမှုများ၊ ငှက်၊ ဧရာဝတီလင်းပိုင်၊ ပင်လယ်လိပ်များ၏ နေထိုင်ကျက်စားမှုများ လေ့လာနိုင်မည်ဖြစ်ကြောင်း၊ ၎င်းဘေးမဲ့တောအား ၁၉၉၄ ခုနှစ်တွင် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် ဖွဲ့စည်းခဲ့ကြောင်းနှင့် ရမ်ဆာရေဝပ်ဒေသအဖြစ် ၂၀၁၇ ခုနှစ်တွင် သတ်မှတ်ခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ သိရသည်။ **ပိန်းဇလုပ်သိန်းညွန့်**

## အနုပညာ



## ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဝင်ငွေအများဆုံး ရရှိခဲ့တဲ့ ရုပ်ရှင် Spider-Man: No Way Home

ပင့်ကူလူသားရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ် Spider-Man: No Way Home ဟာ ယခုခရစ္စမတ်ရာသီမှာတော့ ကံကောင်းခြင်းတွေ ယူဆောင်လာခဲ့ပါတယ်။ အဆိုပါရုပ်ရှင်ကို လတ်တလောမှာ ရုံတင်ပြသခဲ့ရာမှာ ကမ္ဘာတစ်ဝန်းမှဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထက် ရရှိခဲ့တာကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံး ရုပ်ရှင်တစ်ခုဖြစ်ခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပင့်ကူလူသားအဖြစ် မင်းသား တွမ်ဟော်လန်း ပါဝင်ထားပြီး မင်းသမီး ဇန်ဒါယာတွဲဖက်ပါဝင်ထားတဲ့ အဆိုပါရုပ်ရှင်သစ်ဟာ ကမ္ဘာတစ်ဝန်း ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်ရုံတွေမှ လက်မှတ်ရောင်းရငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကျော်လွန်ရရှိခဲ့တာပါ။ ဒါဟာ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကျော်ရရှိခဲ့တဲ့ ပထမဆုံးရုပ်ရှင်လည်း ဖြစ်ပါတယ်။

## အနုပညာလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူကာ မိသားစုဘဝတစ်ခု တည်ထောင်လိုကြောင်း တွမ်ဟော်လန်းဆို

ပင့်ကူလူသားအဖြစ် ပါဝင်သရုပ်ဆောင်လျက်ရှိတဲ့ မင်းသားတွမ်ဟော်လန်းက မကြာမီမှာ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်မှုကနေ အနားယူကာမိသားစုဘဝတစ်ခုတည်ထောင်ဖို့ဆန္ဒရှိကြောင်း လတ်တလောမှာ ပြောကြားခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နောက်ဆုံးရိုက်ကူးထားတဲ့ ပင့်ကူလူသားရုပ်ရှင် The Spider-Man: No Way Home မှာ ပင့်ကူလူသားအဖြစ် ပါဝင်ပုံဖော်ထားတဲ့ တွမ်ဟော်လန်းဟာ လက်ရှိမှာ အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်ပါတယ်။ ပင့်ကူလူသားဇာတ်ကောင်ကို ခြောက်နှစ်ခန့် ပုံဖော်ပေးခဲ့တဲ့ တွမ်ဟော်လန်းက မကြာသေးမီက ပီးပဲလ်မဂ္ဂဇင်းနဲ့ပြုလုပ်တဲ့ အင်တာဗျူးတစ်ခုမှာ သူဟာ ပြီးခဲ့တဲ့ ခြောက်နှစ်တာလုံး အလုပ်အပေါ်မှာသာ အာရုံစိုက်ခဲ့သူတစ်ဦးဖြစ်ကြောင်း၊ လက်ရှိမှာ အလုပ်တွေကနေ ခေတ္တအနားယူကာ မိသားစုဘဝတစ်ခု စတင်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

တွမ်ဟော်လန်းဟာ ပင့်ကူလူသားရုပ်ရှင်တွေမှာ သူနဲ့အတူ တွဲဖက်သရုပ်ဆောင်လျက်ရှိတဲ့ မင်းသမီး ဇန်ဒါယာနဲ့ လက်ရှိမှာ ချစ်သူတွေအဖြစ် လက်တွဲနေတာဖြစ်ပြီး မိသားစုဘဝတစ်ခု စတင်တာနဲ့ပတ်သက်ပြီး အနာဂတ်မှာ ဖခင်တစ်ဦးဖြစ်လာဖို့ရာ သူ့အနေနဲ့ စိတ်လှုပ်ရှားရင်ခုန်မိကြောင်းလည်း ပြောကြားခဲ့ပါတယ်။

## လာမယ့်လအတွင်း ပရိသတ်ရှေ့အရောက်ပြန်လာမယ့် ချန်းမင်း



တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ TVXQ ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်းမင်းဟာ နှစ်သစ်မှာ တေးသီချင်းသစ်တွေနဲ့အတူ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာဖို့ရာ စီစဉ်ထားကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇင်ဘာ ၂၈ ရက်မှာ ချန်းမင်းအနေနဲ့ လာမယ့် ဇန်နဝါရီလအတွင်း တေးသီချင်းသစ်တွေ ထုတ်လွှင့်ဖို့ရာ စီစဉ်နေကြောင်း ဒေသတွင်းမီဒီယာတစ်ခုက ရေးသားဖော်ပြခဲ့ပါတယ်။ ဒီသတင်းနဲ့ ပတ်သက်ပြီး သူ့ရဲ့ အေဂျင်စီဘက်က အတည်ပြုခဲ့ကာ ချန်းမင်းအနေနဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို ပြင်ဆင်နေတာဖြစ်တယ်လို့ ဆိုပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ နှစ်နှစ်တာအတွင်း ပထမဆုံးထုတ်လွှင့်မယ့် ချန်းမင်းရဲ့ တေးအယ်လ်ဘမ်ဖြစ်လာမှာပါ။ သူဟာ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း မီနီတေးအယ်လ်ဘမ် Chocolate ကို နောက်ဆုံးထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။

## ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရတဲ့ အဖွဲ့ဝင်သုံးဦးရှိလာပြီဖြစ်တဲ့ BTS



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်း အမေရိကန်မှာ ဖျော်ဖြေပွဲပြုလုပ်ခဲ့ပြီးနောက် အမိမြေကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ ပြန်လည်ရောက်ရှိစဉ် သီးခြားစီ နေထိုင်နေစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ရာမှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရှူဂါ ကူးစက်ခံရကြောင်း ပထမဆုံး တွေ့ရှိခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ အခြားသော အဖွဲ့ဝင်တွေ ဖြစ်ကြတဲ့ အာရမ်နဲ့ ဂျင်တို့လည်း ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့တာကြောင့် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရတဲ့ အဖွဲ့ဝင်သုံးဦးရှိလာပြီဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရှူဂါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း ထုတ်ပြန်ခဲ့ပြီးနောက်နေ့မှာ အာရမ်နဲ့ ဂျင်တို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ သူတို့သုံးဦးစလုံး ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခဲ့ပြီး ဖြစ်တယ်လို့ သိရပါတယ်။ ■

**အေးပြည့် စုစည်းသည်**

# 2022 HAPPY NEW YEAR နှစ်သစ်ကူးမင်္ဂလာ

## GRAND WYNN ENTERPRISES LTD & GRAND FOOD MART

Grand Wynn Group of Companies ... Grand Wynn Group of Companies ... Dairy Product ... Pastry & Bakery ... Ready For Cook ... HACCP ... Twin Brothers Seafood Cold Storage ... Export Quality ... (Fish Fillet) ... Door to Door delivery Service ... Right Weight-Right Size - Right Quality ... Grand Food Mart ... Delivery ... www.grandfoodmart.net

GRAND FOOD MART ... 100% HALAL FOOD, 100% EXCELLENT QUALITY.



### GRAND WYNN MANUFACTURING LTD.
### GRAND TWIN BROTHERS LTD.

GRAND WYNN MANUFACTURING LTD. ...

**Head Office**

- Director (Sales & Marketing)
- HR Director
- General Manager
- Chief Auditor
- HR/Admin Manager
- Assistant HR/Admin Manager
- Transportation Manager
- Business Secretary (Professional)
- Office Secretary (Professional)
- Senior Auditor
- Assistant Sales Manager (Dairy & Bakery)
- Sales & Marketing Supervisor
- GFM Food Mart Manager
- GFM Food Mart Supervisor
- Regional Sales Executive
- Area Sales Admin (Modern Trade)
- Sales Admin (Modern Trade)
- Modern Trade Supervisor
- Delivery (Seafood)
- Sales Girl
- Driver

**IT & Digital Marketing**

- IT Manager
- Digital Marketing Manager
- Video Editor

**Mandalay Branch Office**

- Sales Manager
- HR/Admin Manager

**COLD STORE FACTORY**

- FACTORY MANAGER
- OPERATION MANAGER
- (PRODUCTION SUPERVISOR)
- (PACKING SUPERVISOR)
- (COLD STORE MANAGER)
- (QUALITY CONTROL STAFF)
- (PROCESSING STAFF)
- (PACKING STAFF)
- (COLD STORE LABOUR)
- (RAW RECEIVING)
- COLD STORAGE CHIEF ENGINEER
- COLD STORAGE MACHINE OPERATOR

**FISH FARM**

GRAND WYNN MANUFACTURING LTD & GRAND TWIN BROTHERS LTD

TEL : (+95-1) 294045, 294022, 290170, 291318 E-mail : ...

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးထားသည့် ကိစ္စရပ်များမပါ)အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက် ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

### ယနေ့ဖတ်စရာ

**ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း**
စာမျက်နှာ » ၁၀

**နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း**
စာမျက်နှာ » ၁၂

**တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ အချိန်တိုးမြှင့်ချမှတ်**
စာမျက်နှာ » ၁၃

**လေ့လာစရာ အင်္ဂလိပ်စာ**
စာမျက်နှာ » ၂၀၊ ၂၁

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုင်းရင်းသားပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသို့ အသိပေးထုတ်ပြန်ချက်

နေပြည်တော် ဒီဇင်ဘာ ၃၁

နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်လုပ်ဆောင်နိုင်ရေး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီများဖွဲ့စည်း၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် လျင်မြန်လွယ်ကူထိရောက်စွာ ဆွေးနွေးဆောင်ရွက်နိုင်သည့် လမ်းကြောင်းများ ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် ညှိနှိုင်းဆွေးနွေးမှုများအား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ☆



အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



မုတ္တမမြို့ အောင်ပင်လယ်ရပ်ကွက်၌ တင်တင်မိုးနှင့်အတူ သိမ်းဆည်းရမိသည့် ငွေကြေးနှင့်ရွှေထည်ပစ္စည်းများ မှတ်တမ်း ဓာတ်ပုံ။

## အင်းစိန်မြို့နယ် လှိုင်မြစ်လမ်း အင်းစိန်ခုံးကျော်တံတားပေါ်တွင် လုယက်မှုဖြစ်စဉ်မှ တရားခံများ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၃၁

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် အင်းစိန်မြို့နယ် ဈေးကုန်းရပ်ကွက် လှိုင်မြစ်လမ်း အင်းစိန်ဈေးတွင် ဖွင့်လှစ်ထားရှိသော ကျုံစင်းအာမခံရွှေဆိုင်ပိုင်ရှင် **ဦးနှင်းငွေ(၅၁)နှစ်**သည် အင်းစိန်ခုံးတံတားပေါ်၌ ရွှေထည်ပစ္စည်း စုစုပေါင်း အလေးချိန် ၄ ပိဿာ ၅၀ ကျပ်သားခန့်ထည့်ထားသည့် လက်ဆွဲအိတ် နှစ်လုံး(**ကာလတန်ဖိုးငွေကျပ် သိန်း ၇,၂၀၀ ခန့်**)အား လုယက်ခံရသည့်ဖြစ်စဉ်တွင် **တရားခံ ကျား ခုနစ်ဦး၊ မ သုံးဦး ပေါင်း ၁၀ ဦး**တို့အား ငွေကျပ် ၁၆၄ သိန်း ၄ သောင်း၊ ရွှေလက်စွပ်မျိုးစုံ ၂၈၄ ကွင်း၊ ရွှေနားကပ်မျိုးစုံ ၈၇ ရန်၊ ရွှေဆွဲပြား မျိုးစုံ ၄၄ ပြား၊ ရွှေဟန်းချိန်း ၁၂ ခု၊ ရွှေဆွဲကြိုးမျိုးစုံ ၆၇ ကုံး၊ ရွှေလက်ကောက်မျိုးစုံ ၂၃ ကွင်း၊ ရွှေကြယ်သီး နှစ်ခု၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၅၀၊ အငှားယာဉ် နှစ်စီး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်တွင် ထွက်ပြေးတိမ်းရှောင်လျက်ရှိသော တရားခံများကို **စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ❖